# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၆)


# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေါ်တူဂီနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဂျိုအာအို၊ အန်တိုနီယို၊ ဒီ၊ ဆီလ်ဗီးယားရား၊ ဒီ၊ လီမာ၊ ပီမင်တယ်လ်သည် ယနေ့ နံနက် ၁၀ နာရီတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ လာရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



## သံအမတ်ခန့်အပ်လွှာပေးအပ်

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျိုအာအို၊ အန်တိုနီယို၊ ဒီ၊ ဆီလ်ဗီးယားရား၊ ဒီ၊ လီမာ၊ ပီမင်တယ်လ်က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ပေးအပ်စဉ်။**

**(သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ ဆိုက်ပရပ်(စ်)နိုင်ငံ သံအမတ်ကြီး မစ္စတာ အင်ဒရီးယပ်(စ်) ဂျီစကားပါးရီး(စ်)က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ပေးအပ်စဉ်။**

**(သတင်းစဉ်)**



# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဆိုက်ပရပ်(စ်)နိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆိုက်ပရပ်(စ်)နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အင်ဒရီးယပ်(စ်) ဂျီစကားပါးရီး(စ်)သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ လာရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

# အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံစွမ်းအားများအခိုင်အမာဖြစ်တည် မြန်မာ့အနုပညာစွမ်းပကားများပေါ်လွင်ထင်ရှားအောင်ဖော်ထုတ်ပြသ

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများသည် နှစ်ပေါင်းထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက်တွင် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး နက်နဲသိမ်မွေ့သည့် အမျိုးသားရေးဂုဏ်ရည်၊ အမျိုးသားရေးစံထားမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ အခိုင်အမာ မော်ကွန်းထိုးနိုင်ခဲ့သည့် နိုင်ငံနှင့်လူမျိုးအဖြစ် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ရပ်တည်လျက်ရှိသည်။

ယင်းသို့ ကိုယ်ပိုင်အမျိုးသားရေးဂုဏ်ရည်များ ခံ့ခံ့ထည်ထည် ဖြစ်တည်နေခြင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းကြောင်းအစဉ်အလာ ခံ့ထည်ခိုင်မာမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားထည်ဝါမှုတို့ကို ဖော်ညွှန်းပြသနိုင်သည့် အမျိုးသားရေးပုံရိပ်များပင် ဖြစ်သည်။

ယဉ်ကျေးမှုအစဉ်အလာ ကြီးမားခံ့ထည်သည့် မြန်မာနိုင်ငံတွင် သိမ်မွေ့နက်နဲသည့် ရိုးရာယဉ်ကျေးမှု အယူအဆများ၊ မြန်မာ့အတွေးအမြင်များ၊ ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများ၊ လူမှုတန်ဖိုးနှင့် လူမှုကျင့်ဝတ်များကို ပြန်လည်ဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်သည် မျက်မှောက်ကာလ နိုင်ငံသားများ၏ အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။

၂၀၀၄ခုနှစ် အောက်တိုဘာ ၁၄ရက်က ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပသော ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတွင် ဒွါဒသမ အကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင်-

**"နိုင်ငံတကာအလယ်မှာ နိုင်ငံတစ်နိုင်ငံနဲ့ လူမျိုးတစ်မျိုးရယ်လို့ ထည်ထည်ဝါဝါ ခံ့ခံ့ညားညား ဖြစ်တည်လာစေဖို့ဆိုရာမှာ ခိုင်မာတဲ့ယဉ်ကျေးမှု သမိုင်းစဉ်အဆင့်ဆင့်ကို တိုင်းရင်းသားပြည်သူ အားလုံး အေးအတူပူအမျှ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲဖြတ်သန်းကြရစမြဲ ဖြစ်သလို ဒီလို နိုင်ငံတော်တည်ဆောက်မှု သမိုင်းစဉ်တစ်လျှောက် မိမိတို့၏ကိုယ်ပိုင် အမျိုးသားရေး စရိုက်လက္ခဏာတွေနဲ့ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုတွေ မပျောက်ပျက်အောင် ကာကွယ် ထိန်းသိမ်း စောင့်ရှောက်ကြရစမြဲ ဓမ္မတာပဲ ဖြစ်ပါတယ်"** ဟု ပြောကြားသွားသည်။

ယခုကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် မြန်မာတို့၏ လေးစားမြတ်နိုးမှု ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှုအနုပညာရပ်များကို ဖော်ထုတ်ပြသသည့် အစဉ်အလာကြီးမားသော ရိုးရာယဉ်ကျေးမှုအနုပညာ ပြိုင်ပွဲကြီးပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် ဖြစ်စဉ်များအနက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည်လည်း တစ်ခု အပါအဝင်ဖြစ်သည်။

ထိုသို့ မြန်မာ့ရိုးရာယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ ကျင်းပပေးခြင်းဖြင့် မြန်မာ့ရိုးရာ အနုပညာစစ်စစ်များကို စနစ်တကျ ပြန်လည်ဖော်ထုတ် မြှင့်တင်ပေးနိုင်သည့်အတွက် ယနေ့ လူငယ်လူရွယ်များအကြားတွင် အမျိုးသားရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများကို မြတ်နိုးလေးစားသည့် စိတ်ဓာတ်၊ မြန်မာ့ရိုးရာ အနုပညာကို ခံ့မင်လိုက်စားလာကြသည့် ကောင်းမြတ်သည့် အလေ့အထနှင့် မြန်မာမှုရသစစ်စစ်ကို နားလည်ခံစားနိုင်သည့် စွမ်းရည်များ တစ်နေ့တခြား တိုးတက်မြင့်မား ခိုင်မာလာနေသည်ကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့မြင်နေရသည်။

မြန်မာလူငယ်များအနေဖြင့် မြန်မာ့ရိုးရာ၊ မြန်မာ့အစဉ်အလာ၊ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးလေးစားလိုက်နာကျင့်ကြံလာသည်နှင့်အမျှ တိုင်းတစ်ပါးက ထိုးဖောက်ဝင်ရောက်လာသည့် သရုပ်ပျက် အမူအကျင့် ဓလေ့စရိုက်များ၏ သွေးဆောင်လွှမ်းမိုးမှုများကို တွန်းလှန်နိုင်သည့် အမျိုးသားရေး ကိုယ်ခံစွမ်းအားများ ပိုမို တောင့်တင်းခိုင်မာလာမည်မှာ မလွဲဧကန်အမှန်ပင် ဖြစ်သည်။

ထိုသို့ ကိုယ်ခံစွမ်းအားများ တောင့်တင်းခိုင်မာလာမှသာ နိုင်ငံကြီးများက နိုင်ငံငယ်များအပေါ် ယဉ်ကျေးမှုအရ လွှမ်းမိုးခြယ်လှယ်နိုင်ရန် လှုံ့ဆော်ဖန်တီးနေသည့် အနောက်တိုင်းယဉ်ကျေးမှု ထိုးဖောက် လွှမ်းမိုးမှုများကို ဟန့်တားကာကွယ်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ယဉ်ကျေးမှု ဘဝနယ်ပယ် အသီးသီးတွင် တိုင်းတစ်ပါး ယဉ်ကျေးမှုများ စွဲထင် မကျန်ခဲ့စေရန်၊ အမျိုးသားယဉ်ကျေးမှုစွမ်းအား၊ အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံစွမ်းအားများ မြဲမြဲခိုင်မာ ဖြစ်တည်နေစေရန်အတွက် မြန်မာတိုင်းရင်းသားများ စည်းလုံးညီညွတ်စွာဖြင့် ထိန်းသိမ်းစောင့်ရှောက် လာခဲ့သည့် မြန်မာ့အနုပညာစွမ်းပကားများ ပိုမိုပေါ်လွင်ထင်ရှားအောင် အနုပညာရှင်များက ဖော်ထုတ်ပြသ ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၁၆-၁၀-၂၀၀၄**
**(စနေနေ့)**
**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သဿသဒိဋ္ဌိ နှင့် ဥစ္ဆေဒဒိဋ္ဌိများ"**

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Olympic Games ပထမနှစ်-အင်္ဂလိပ်စာ (အထူးပြုအားလုံး)
၅:၃၀ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"ပန်းတိုင်"** (အပိုင်း-၃)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ EPL ဘောလုံးပွဲ Birmingham City & Manchester United

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



**အောက်တိုဘာ ၁၄ ရက်က သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား ထိုင်းနိုင်ငံ အခြေစိုက် ACCU မှ Chief Executive Officer Mr. Ranjith Hettiarachchi နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သမဝါယမ)

## ညောင်ကန်အေး ငွေရတုစာစောင်နှင့် ငွေရတုကျောင်းတော်တည်ဆောက်မည်

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း အင်းစိန်လမ်းမကြီး အမှတ်(၆)၌ မဟာစည် ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာကို ၁၃၄၂ခု သီတင်းကျွတ်လဆန်း ၁၀ရက် (၁၉-၁၀-၁၉၈၀) ပြည့်နှစ်၌ ညောင်ကန်အေး ဆရာတော် အမှူးရှိသော သမိုင်းဦး ဝေယျာဝစ္စအဖွဲ့က စတင်တည်ထောင်၍ အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသင်္ဂါယနာပုစ္ဆက ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တိုင် ရေစက်ချဩဝါဒ တရား မိန့်ကြားပြီး ဖွင့်လှစ်ခဲ့ရာ ၁၃၆၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက် (၁၉-၁၀-၂၀၀၅) ခုနှစ်တွင် (၂၅) နှစ်ပြည့်တော့မည်ဖြစ်ပါသဖြင့် ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအဖွဲ့က ငွေရတုစာစောင်ထုတ်ဝေခြင်း၊ ငွေရတုကျောင်းတော် ဆောက်လုပ်ခြင်းများကို ပြုလုပ်ရန် စီစဉ်လျက်ရှိကြသည်။

မဟာစည်ဩဝါဒခံ ညောင်ကန်အေး ငွေရတုကျောင်းတော်ကို ကျပ်ငွေ သိန်း ၁၅၀ တန် တည်ဆောက်မည်ဖြစ်ရာ ဘုရားဆောင်ခန်းမအတွက် ကျပ်သိန်း ၃၀၊ ညှော့ခံဓမ္မခန်းမ(၁) အတွက် ကျပ်သိန်း ၃၀၊ ညှော့ခံဓမ္မခန်းမ (၂)အတွက် ကျပ်သိန်း ၃၀၊ ဆရာတော်ကျိန်းစက်နားနေခန်းအတွက် ကျပ်သိန်း ၆၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်းနှင့် ကျပ်တစ်သိန်းနှင့်အထက် အလှူရှင်အားလုံးကို ကျောက်စာကမ္ပည်းရေးထိုး မှတ်တမ်းတင်မည်ဖြစ်သည်။ အလှူရှင်များသည် ဝေယျာဝစ္စအဖွဲ့ ဖုန်း-၆၄၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**




## မန္တလေးအသင်း သက်ကြီးပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၁၅**

မန္တလေးအသင်း (ရန်ကုန်)က နှစ်စဉ်ကျင်းပမြဲဖြစ်သော အကြိမ်(၃၀) မြောက်သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကုန်သည်လမ်း အသင်းတိုက် ရတနာပုံ ခန်းမဆောင်၌ ကျင်းပမည် ဖြစ်သည်။ အသက် (၇၀)ပြည့်ပြီး အသင်းဝင်များနှင့်ဇနီး၊ ခင်ပွန်း၊ မိဘများ အောက်တိုဘာ၂၃ ရက်နောက်ဆုံးထား၍ စာရင်းပေးပို့ကြရန်နှင့် လှူဖွယ်ပစ္စည်းများ၊ အလှူငွေများကိုအသင်းတိုက်ဖုန်း-၂၈၆၀၉၉ သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

**နှစ်ဖက်သော မိဘများကို ဦးထိပ်ထား၍ အမှတ် ၂၆၈ ကျိုက္ကဆံလမ်း တာမွေမြို့နယ်နေ၊ ဦးတင်ဋ္ဌေး-ဒေါ်လှလှဝင်း မိသားစုက ဗိဇိတဒါနသံဃာ့ ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ဆေး ပဒေသာပင် အလှူတော်ငွေကျပ် နှစ်သိန်းကို စက်တင်ဘာ ၅ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့-အဖွဲ့ဝင် ဦးမြင့်လွင်က လက်ခံယူစဉ်။** (က-ပ)



အောက်တိုဘာ ၁၅ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျိုအာအို၊ အန်တိုနီယို၊ ဒီ၊ ဆီလ်ဗီးယားရား၊ ဒီ၊ လီမာ၊ ပီမင်တယ်လ်အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း–ရွှေဖုံး) (သတင်းစဉ်)

အောက်တိုဘာ ၁၅ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆိုက်ပရပ်(စ်)နိုင်ငံ သံအမတ်ကြီး မစ္စတာ အင်ဒရီးယပ်(စ်) ဂျီစကားပါးရီး(စ်)အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း–ရွှေဖုံး) (သတင်းစဉ်)



## ကံ့ကော်မြိုင်သာသနာ့ရိပ်သာ ဘုံကထိန်အလှူပွဲ

**ရန်ကုန် အောက်တိုဘာ ၁၅**

သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် ကံ့ကော်မြိုင် သာသနာ့ရိပ်သာ စာသင်တိုက်တွင် (၁၄)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကိုယ်တိုင်ကိုယ်ကျ ကပ်လှူနိုင်ရန် ပစ္စည်းလေးပါး ထောက်ပံ့ရေး ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

## ကမာရွတ်မြို့နယ် နာနတ်တောလမ်းနှင့် ဗဟိုလမ်းဆုံ ခုံးကျော်တံတားတည်ဆောက်စဉ် ခေတ္တလမ်းပိတ်ထားမည်

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် နာနတ်တောလမ်းနှင့် ဗဟိုလမ်းဆုံ၌ မီးရထားလမ်း၊ ကားလမ်းခုံးကျော်တံတားကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်မည်ဖြစ်သည်။ အဆိုပါတံတားတည်ဆောက်ရေးလုပ်ငန်းများကို အောက်တိုဘာ ၂၆ရက်မှစတင်၍ ဆောင်ရွက်မည်ဖြစ်သဖြင့် နာနတ်တောလမ်း ရွှေကိန္နရီအိမ်ရာ ဒုတိယဝင်ပေါက် ရှေ့မှစ၍ လမ်းတစ်လျှောက် ဆီစက်လမ်းဆုံအထိ လမ်းကို တံတားတည်ဆောက် ပြီးစီးသည်အထိ ပိတ်ထားမည်ဖြစ်ကြောင်းနှင့် ဗဟိုလမ်းကိုမူ ယခင်အတိုင်း ဖြတ်သန်းသွားလာခွင့်ပြုထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၁၃၆၆ ခုနှစ် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

| နေရာ | | (အမျိုးသားပြတိုက်) | (အမျိုးသားဇာတ်ရုံ) | (ပန်တျာကျောင်း) | (ကမ္ဘောဇဇာတ်ရုံ) | (ပဒုမ္မာဇာတ်ရုံ) |
|---|---|---|---|---|---|---|
| စဉ် | ရက်စွဲ | အဆို | အက/ဇာတ်သဘင် | အရေး | အတီး | အတီး |
| ၃။ | ၁၆–၁၀–၂၀၀၄<br>(စနေနေ့) | **ဓမ္မပူဇာတေး** (နံနက်)<br>(၁) အခြေခံ(၅–၁၀) (ကျား)<br>**ခေတ်ဟောင်း/ကာလပေါ်** (နေ့လယ်)<br>(၂) အဆင့်မြင့်(မ) | **အမျိုးသားအက** (နံနက်)<br>(၁) ဝါသနာရှင်<br>**အမျိုးသမီးအက** (နေ့လယ်)<br>(၂) အခြေခံ(၁၀–၁၅)<br>**ရာမာယဏဇာတ်တော်ကြီး** (ညပိုင်း) ရန်ကုန်တိုင်း သီရိရာမဇာတ်အဖွဲ့ | **သီချင်းစာသားရေး တေးသွားထည့်**<br>(၁) အခြေခံ(၁၅–၂၀)<br>(၂) ပညာရှင် | **တယော**<br>(၁) ပညာရှင်(ကျား) (နံနက်)<br>(၂) အခြေခံ(၅–၁၀) (ကျား+မ)(နေ့လယ်) | **ဆိုင်းအဖွဲ့လိုက်**<br>(၁) ပညာရှင်(ကျား) (နံနက်)<br>(၂) အခြေခံ(၁၅–၂၀) (ကျား)(နေ့လယ်) |
| ၄။ | ၁၇–၁၀–၂၀၀၄<br>(တနင်္ဂနွေနေ့) | **ဓမ္မပူဇာတေး**(နံနက်)<br>(၁) ဝါသနာရှင်(မ)<br>**ခေတ်ဟောင်း/ကာလပေါ်** (နေ့လယ်)<br>(၂) အဆင့်မြင့်(ကျား) | **အမျိုးသမီးအက**(နံနက်)<br>(၁) အဆင့်မြင့်<br>**အမျိုးသားအက** (နေ့လယ်)<br>(၂) အခြေခံ(၁၅–၂၀)<br>**ရာမာယဏဇာတ်တော်ကြီး** (ညပိုင်း) | **အရေးပြိုင်ပွဲဝင်များ သီချင်းလေ့ကျင့်ခြင်း**<br>(၁) အခြေခံ(၅–၁၀)<br>(၂) အဆင့်မြင့် | **ပတ္တလား**<br>(၁) အခြေခံ(၅–၁၀) (ကျား)(နံနက်)<br>(၂) အခြေခံ(၅–၁၀) (မ)(နေ့လယ်) | **စောင်း**<br>(၁) ပညာရှင်(ကျား+မ) (နံနက်)<br>(၂) အခြေခံ(၁၅–၂၀) (မ)(နေ့လယ်)<br>(၃) အခြေခံ(၁၀–၁၅) (ကျား)(နေ့လယ်) |

# အီရတ်နိုင်ငံ၌ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ ကျေနပ်ဖွယ်မရှိကြောင်း မဟာသီဝေဖန်ပြောကြား

စင်ကာပူ အောက်တိုဘာ ၁၂

**အီရတ်နိုင်ငံတွင် ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများအပေါ် ကျေနပ်ဖွယ်မရှိကြောင်း၊ တိတိကျကျပြောရလျှင် အီရတ်၌ ပြည်တွင်းစစ်ဖြစ်နေပြီး အပြစ်မဲ့ပြည်သူများပို၍ သေကျေနေကြရကြောင်း မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီမိုဟာမက်က တနင်္လာနေ့၌ ပြောကြားသည်။**

စင်ကာပူ၌ပြုလုပ်သော လူထုဟောပြောပို့ချပွဲ တစ်ခု၌ မိန့်ခွန်းပြောကြားရာတွင် မဟာသီက ထိုသို့ ပြောကြားခြင်းဖြစ်သည်။ ၎င်းက ယခုအခါ အီရတ်နိုင်ငံတွင် ဖြစ်ပျက်နေသော အခြေအနေသည် ပိုကောင်းလာသည်ဟု ပြောဆိုရန်မှာ မှန်ကန်မှုရှိနိုင်မည်မဟုတ်ကြောင်း ပြောကြားသည်။

## ဆုတ်ယုတ်

ယခုအခါ အီရတ်နိုင်ငံတွင် အစစအရာရာသည် ပြည့်စုံလုံလောက်ခြင်းမရှိဘဲဖြစ်နေရာ ဘဝရှင်သန်ရေးမှာ စိတ်မချမ်းမြေ့စရာဖြစ်ကြောင်း၊ အများပြည်သူအကျိုးပြု လုပ်ငန်းများသည် ပုံမှန်လုပ်ကိုင်နိုင်ခြင်းမရှိကြဘဲ စီးပွားရေးမှာလည်း ဆုတ်ယုတ်နေကြောင်း မဟာသီက ပြောကြားသည်။

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရန်အတွက် အခြေအနေတည်ငြိမ်ရန်မှာ ဆယ်စုနှစ်အချို့ကြာမည် ဖြစ်ကြောင်း၊ မည်သည့်အချိန်အခါ၌ တည်ငြိမ်မှုရမည်ဆိုသည်ကို အသေအချာမသိနိုင်ကြောင်းဖြင့်လည်း မဟာသီက ပြောကြားသည်။

## တစ်ပတ်ရိုက်

အီရတ်နိုင်ငံအား ကျူးကျော်သူများသည် အစိုးရအပြောင်းအလဲလုပ်လိုကြောင်း ပြောဆိုနေကြလင့်ကစား အီရတ်နိုင်ငံတွင် ဒီမိုကရေစီမမြောက်သော အစိုးရအဖွဲ့ကို တစ်ပတ်ရိုက်တင်မြှောက်ပေးခဲ့သည်ဟု မဟာသီက သုံးသပ်ပြောဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အောက်တိုဘာ ၁၄ ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၀၈၆ ဦး ရှိသွားပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၁၄

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက် ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိ အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။**

အောက်တိုဘာ ၁၄ ရက် ကြာသပတေးနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၈၆ ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၃၀ မှာ တိုက်ပွဲ၌သေဆုံးပြီး ၂၅၆ ဦးမှာ အခြားအကြောင်းများကြောင့်သေဆုံးခဲ့ကြသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၇ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၃ ဦး၊ ယူကရိန်း ရှစ်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၉၄၈ ဦးဖြစ်ပြီး ယင်းအနက် ၇၂၁ ဦးမှာ တိုက်ပွဲ၌ သေဆုံး၍ ၂၂၇ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

**(အင်တာနက်)**

# နိုင်ငံတကာ သတင်းများ

## လုံခြုံရေး စောင့်ကြပ်

**ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို အောက်တိုဘာ ၁၁ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# နိုင်ငံတကာဆိုင်ရာဥပဒေ အမေရိကန်ချိုးဖောက်နေ

**နယူးယောက် အောက်တိုဘာ ၁၂**

အမေရိကန်ပြည်ထောင်စုသည် အကြမ်းဖက်မှုကို ဆင်နွှဲသည့်စစ်ပွဲအတွင်း ဖမ်းဆီးမိသော အကျဉ်းသားများအား ဖမ်းဆီးချုပ်နှောင်ထားခြင်း၊ လျှို့ဝှက်နေရာများတွင် ဝှက်ထားခြင်းများ ပြုလုပ်ခြင်းဖြင့် နိုင်ငံတကာဆိုင်ရာ ဥပဒေကို ချိုးဖောက်နေကြောင်း လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က အင်္ဂါနေ့၌ ထုတ်ပြန်သည့် အစီရင်ခံစာ၌ စွပ်စွဲဖော်ပြထားသည်။

## အဆင့်အတန်းနိမ့်

နိုင်ငံတကာဆိုင်ရာ ဥပဒေပါအခွင့်အရေးကို မစဉ်းစားဘဲ အယ်လ်ခိုင်ဒါနှင့် အဆက်အသွယ်ရှိသည်ဆိုကာ မသင်္ကာမှုဖြင့် ဖမ်းဆီးချုပ်နှောင်ထားခြင်းခံနေရသူ ၁၁ဦးရှိကြောင်း နယူးယောက်အခြေစိုက်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။ ထိုပြစ်မှုကျူးလွန်သူများကို တရားသူကြီးရှေ့မှောက်သို့ တင်သွင်းရမည်ဖြစ်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့၏ အထူးအကြံပေး ရိဒ်ဘရိုဒီက ပြောကြားသည်။ အကယ်၍ အမေရိကန်ပြည်ထောင်စုသည် နိုင်ငံတကာဥပဒေကို လျစ်လျူရှုခဲ့လျှင် အဆင့်အတန်းနိမ့်သောနိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျီနီဗာသဘောတူချက်၌ ဖမ်းဆီးထိန်းသိမ်းထားသူများအားလုံးကို နိုင်ငံတကာဆိုင်ရာ ကြက်ခြေနီအဖွဲ့က တွေ့ဆုံခွင့်ရရှိပြီး ၎င်းတို့နှင့်ဆိုင်သော သတင်းအကြောင်းအရာများကို ဆွေမျိုးများသို့ အသိပေးရန် တောင်းဆိုထားသည်။ နိုင်ငံတကာဆိုင်ရာ လူ့အခွင့်အရေးဥပဒေအရ ဖမ်းဆီးထိန်းသိမ်းထားသူများကို အသိအမှတ်ပြုသော ထိန်းသိမ်းရေး စခန်းများ၌ ချုပ်နှောင်ရမည်ဖြစ်သည့်အပြင် ရှေ့နေများ၊ မိသားစုများနှင့် အဆက်အသွယ်ပြုနိုင်စေရမည်ဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**

**ရာမာဒီမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင်များ တိုက်ပွဲဖြစ်ပွားမှုကြောင့် ပျက်စီးသွားသော အဆောက်အအုံတစ်လုံးကို အောက်တိုဘာ ၁၁ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# အီရတ်နှင့်အီရန် နှစ်နိုင်ငံနယ်စပ်ထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူလက်မှတ်ရေးထိုး

**ဘဂ္ဂဒက် အောက်တိုဘာ ၁၂**

နယ်စပ်ဖြတ်ကျော်စိမ့်ဝင်သူများကိုကာကွယ်တားဆီးရန်နှင့် နှစ်နိုင်ငံ နယ်စပ်များကို ထိန်းချုပ်ရန် သဘောတူညီချက်တစ်ရပ်ကို အီရတ်နှင့်အီရန်နိုင်ငံတို့က သဘောတူ လက်မှတ်ရေးထိုးခဲ့ကြကြောင်း အယ်ဆာဘတ်အယ်လာဒတ်သတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

အဆိုပါ သဘောတူညီချက်ကို အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်၏ တောင်ဘက် ကီလိုမီတာ ၅၅၀ အကွာရှိ နယ်စပ်မြို့ ဘတ်ရက်၌ နှစ်နိုင်ငံ နယ်စပ်တပ်ဖွဲ့များ၏ တပ်မှူးများက လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ကြောင်း အီရတ် ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

## ပူးပေါင်းမည်

မှောင်ခိုမှုများနှင့် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများကိုတားဆီးရေး အာမခံချက်ရရှိစေမည့် နည်းလမ်းတစ်ခုကိုလည်း သဘောတူညီမှုရရှိသည်နှင့် နှစ်ဦးနှစ်ဖက် စတင်ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်းလည်း အဆိုပါ သတင်းက ဖော်ပြသည်။

## ပြန်လွှတ်ပေး

အီရတ်နှင့်အီရန်နိုင်ငံတို့ နှစ်ဦး နှစ်ဖက် ဆွေးနွေးခဲ့မှုကြောင့် အီရန်အာဏာပိုင်များက ဖမ်းဆီးထားခဲ့သော အီရတ်ငါးဖမ်းသမား၁၉ဦးနှင့် ၎င်းတို့၏ လှေငါးစင်းကို အီရန်တို့က ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း အဆိုပါ သတင်း၌ ဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ရှားပါး ဧရာဝတီ လင်းပိုင်များအား ရောင်းဝယ်မှု ကုလသမဂ္ဂပိတ်ပင်

**ဗန်ကောက် အောက်တိုဘာ ၁၁**

ရှားပါးနေပြီဖြစ်သော ဧရာဝတီလင်းပိုင်များအား စီးပွားရေးဆိုင်ရာ ရောင်းဝယ်မှုကို ကုလသမဂ္ဂညီလာခံက တနင်္လာနေ့တွင် ပိတ်ပင်လိုက်ကြောင်း၊ မျိုးတုံးရန်ခြိမ်းခြောက်လျက်ရှိမှုကို ကယ်ဆယ်ရန်လိုအပ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကာကွယ်မှုဆောင်ရွက်ရေးဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

## ငြင်းပယ်ခဲ့

တရားဝင် တိရစ္ဆာန်ရုံများနှင့် ငါးပြတိုက်များတွင် ဧရာဝတီလင်းပိုင်များကို ပြသထားရှိရန် တားမြစ်ခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ မူလရှိရင်းစွဲအခြေအနေမှာ အန္တရာယ်ရှိ၍ဖြစ်ကြောင်း နိုင်ငံတကာ ဒဗလျူဒဗလျူအက်ဖ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအုပ်စုမှ အထက်တန်း မူဝါဒအကြံပေးပုဂ္ဂိုလ် ကာရင်စတီယာက ပြောကြားသည်။

သို့သော် အာရှတစ်လွှားရှိ လင်းပိုင်ပြပွဲများနှင့် ရေလှောဥယျာဉ်များအတွက် လုပ်ရှားဆောင်ရွက်နေသော ကုန်သွယ်မှုကျန်ရှိနေသေးကြောင်း ၎င်းကပြောကြားသည်။ ဧရာဝတီလင်းပိုင်များအား စီးပွားရေးဆိုင်ရာရောင်းဝယ်မှုမပြုလုပ်ရန်အဆိုပြုချက်ကို ထိုင်းနိုင်ငံက တင်သွင်းခဲ့ပြီး တောရိုင်းအပင်များနှင့်တိရစ္ဆာန်များအား ကမ္ဘာတစ်ဝန်း ရောင်းဝယ်ရာတွင် စည်းကမ်းတကျ ထိန်းသိမ်းသည့် နိုင်ငံတကာအပင်များနှင့် တိရစ္ဆာန်များကုန်သွယ်မှုဆိုင်ရာသဘောတူညီချက်အရ ညီလာခံက ထောက်ခံခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

# ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေး

## အောင်မိုးစံ

လူတွေဟာ မုန်တိုင်းကို မလိုလားပါ။ လေပြည်လေညင်းကိုသာ လိုလားပါတယ်။ လူတွေဟာ စစ်ကိုမလိုလားပါ။ ငြိမ်းချမ်းရေးကိုသာ လိုလားပါတယ်။ လူတွေဟာ အကြမ်းဖက်တိုက်ခိုက်မှုကို မလိုလားပါ။ စာနာထောက်ထားမှုကိုသာ လိုလားပါတယ်။ လူတွေဟာ ဖြတ်တောက်ပိတ်ဆို့မှုကို မလိုလားပါ။ ကူညီစောင့်ရှောက်မှုကိုသာ လိုလားပါတယ်။

ဒါကြောင့် လူ့ဘောင်လောကကြီးတွင် လူ့ဆိုးကျိုးတွေကို ဖြစ်ပေါ်စေတဲ့ အဖျက်ပိုင်းတွေကို ဆန့်ကျင်ကာကွယ်တိုက်ဖျက်ပြီး လူ့ကောင်းကျိုးကို ဖြစ်ပေါ်စေသော အပြုပိုင်းတွေနဲ့ တည်ဆောက်သွားရမဲ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် လွန်ခဲ့တဲ့ အနှစ် ၅၀ ကျော်က ကမ္ဘာစစ်အတွေ့အကြုံနဲ့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခမီးလောင်ကျွမ်းခဲ့တဲ့ အတွေ့အကြုံတွေကို သိမီသူများပါတယ်။ မငြိမ်းချမ်းတဲ့ ကာလပေါ်ပေါက်လာရင် စားဝတ်နေရေးချို့တဲ့မှု၊ရောဂါမျိုးစုံကျရောက်မှု၊ သားသေလင်ဆုံး၊ ကုန်ရှုံးကြွေးတင်ဖြစ်ရမှုတွေ သက်ရောက်လာပြီး ဒုက္ခမျိုးစုံ ဖိစီးခံရတော့တယ်ဆိုတာကို ကိုယ်ပိုင်အတွေ့အကြုံတွေနဲ့ နားလည်လာကြပါတယ်။ ကမ္ဘာတစ်ဝန်းမှာ မငြိမ်မသက်ဖြစ်နေကြတဲ့ နိုင်ငံတွေရဲ့ သင်ခန်းစာကြီးငယ်တွေလဲ များစွာရှိနေပါတယ်။ ဒါကြောင့် နိုင်ငံတကာ ပြည်သူတွေဟာ ငြိမ်းချမ်းစွာဖြစ်ပေါ်တိုးတက်ရေးကိုသာ လိုလားကြပါတယ်။ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒကလဲ လူ့ယဉ်ကျေးမှုကို ဆန့်ကျင်တဲ့ အကြမ်းဖက်မှု (ကာယ-ဝစီ-မနော) ပါတဲ့ လုပ်ငန်းတွေဟာ တိုးတက်တော်လှန်တဲ့ ပစ္စည်းတွေ၊ ပညာအလင်းရောင်တွေကို ဖျက်ဆီးတဲ့အတွက် ခေတ်နောက်ပြန်ဆွဲ မိုက်မဲတဲ့သဘောနဲ့ လူ့ယဉ်ကျေးမှုကို နောက်ပြန်ဆုတ်စေတဲ့သဘောပါတဲ့အတွက် မထောက်ခံပါ။ ထောက်ခံတဲ့ တိုက်ပွဲအသွင်ကတော့ ငြိမ်းချမ်းတိုးတက်တဲ့ ပညာပေးရေးလမ်းဖြစ်တယ်လို့ ဆိုပါတယ်။

"ကမ္ဘာ့စစ်သုံးစရိတ်ဟာ ၁၉၈၇ ခုနှစ်မှ ၁၉၉၈ ခုနှစ်များအတွင်း လျော့ကျလာတဲ့ အလားအလာရှိခဲ့ရာက ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်များတွင် အတော်အတန် မြင့်တက်သွားခဲ့တယ်။ ဒီနောက်ပိုင်းနှစ်များမှာ ယခင်အသုံးစရိတ်အလားအလာမှ ပြောင်းပြန်ဖြစ်သွားပြီး စစ်သုံးစရိတ်တွေ သိသိသာသာ မြင့်တက်လာခဲ့ပြန်တယ်။ အဲဒီလို မြင့်တက်လာခြင်းဟာ အမေရိကန်ရဲ့ လက်ဦးမှုရယူတိုက်ခိုက်ရေးမူဝါဒကြောင့် ဖြစ်တယ်လို့ဆိုပါတယ်။ဒီမူဝါဒအရလုပ်ဆောင်မှုဟာ လူ့ကျင့်ဝတ်အရ ကြည့်လျှင် မသင့်တော်သည်ကို တွေ့ရပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေရှုထောင့်နဲ့မညီတာကိုလဲ တွေ့ရတယ်။ အသုံးစရိတ်ရှုထောင့်ကကြည့်လျှင်လဲ အကုန်အကျကြီးမားနေတာကို တွေ့ရတယ်။ ဒါ့အပြင် လက်ဦးမှုရယူတိုက်ခိုက်ခဲ့သော လုပ်ရပ်ကြောင့် အောင်မြင်မှုရှိမရှိ ဆုံးဖြတ် ရာတွင်လဲ သဲသဲကွဲကွဲမရှိဖြစ်နေတယ်။ ဒါတွေကြောင့် နောင်နှစ်များတွင် အမေရိကန်ရဲ့ စစ်သုံးစရိတ်မှာ အတော်အတန် လျော့သွားဖွယ်ရှိကြောင်း ပညာရှင်များက ခန့်မှန်းလာတယ်။

အမေရိကန်အစိုးရ အိမ်ဖြူတော်က လာမည့်ငါးနှစ်အတွင်း အမေရိကန်ရဲ့ စစ်သုံးစရိတ်ဟာ အမေရိကန်ဒေါ်လာငွေ သန်းပေါင်း ၄၈၇၈၀၀ အထိ တိုးသွားမယ်လို့ မှန်းဆထားပါတယ်။ လာမယ့် ၂၀၀၅ ခုနှစ်အတွက် အသုံးစရိတ်မှာ ယခင်နှစ်ကထက် ၇ ရာခိုင်နှုန်းအထိ တိုးလာမယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အမေရိကန် အစိုးရရဲ့ ရသုံးငွေစာရင်းတွင် လိုငွေ ကြီးမားနေတဲ့အတွက် စစ်သုံးစရိတ်ကို ဇက်သတ်ပြီးလျှော့ချသွားစရာ ရှိတယ်လို့ ဆိုပါတယ်။

ကမ္ဘာပေါ်ရှိ လူဦးရေ စုစုပေါင်းအနက် ၁၆ရာခိုင်နှုန်းသော လူဦးရေဟာ ချမ်းသာတဲ့ နိုင်ငံများက ဖြစ်ပါတယ်။ လူဦးရေ အချိုးအစား နည်းပါးပေမယ့် ဒီနိုင်ငံတွေရဲ့ စစ်သုံးစရိတ်ကတော့ ပြောင်းပြန်ဖြစ်နေတယ်။ ကမ္ဘာ့စစ်သုံးစရိတ် စုစုပေါင်းအနက် လေးပုံသုံးပုံသော အချိုးအစားဟာ ဖွံ့ဖြိုးပြီး နိုင်ငံများရဲ့ စစ်သုံးစရိတ်ဖြစ်နေတာ တွေ့ရပါတယ်။ ဒီဖွံ့ဖြိုးပြီးနိုင်ငံများရဲ့ စစ်အသုံးစရိတ် အားလုံးကို စုပေါင်းလိုက်မယ်ဆိုပါက ရရှိလာတဲ့ ကိန်းဂဏန်းဟာ ဆင်းရဲတဲ့နိုင်ငံများက တင်ရှိနေသော ကြွေးမြီ စုစုပေါင်းထက် များပြားနေတာ တွေ့ရပါတယ်။

"လူ့ယဉ်ကျေးမှုကို ကြမ်းကြုတ်ခက်ထန်တဲ့ ခေတ်ဆိုးကြီးမှ ကယ်တင်ဖို့ ဘယ်လက်နက်ကိုင်တိုက်ပွဲ၊ ဘယ်အဏုမြူစစ်ကြီးတွေနဲ့မှ မအောင်မြင်နိုင်ပါ။ ကြမ်းကြုတ်ခက်ထန်တဲ့ ခေတ်ကို စစ်ပွဲတွေက မွေးထုတ်ပေးနေသလို စစ်ပွဲတွေကိုလဲ ကြမ်းကြုတ်ခက်ထန်တဲ့ ခေတ်တွေက မွေးထုတ်ပေးနေကြတယ်"လို့ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒက ဆိုပါတယ်။ အခုလို စက်မှုဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေက စစ်အင်အားအသာစီးယူပြီး ဖွံ့ဖြိုးဆဲ နိုင်ငံများအပေါ် အင်အားသုံး အကြမ်းဖက် ကျူးကျော်စစ်ဆင်နွှဲမှု၊ တစ်ပါးပြည်တွင်းရေး တစ်ဖက်သတ် အကျပ်ကိုင် ဖိအားပေးနေမှုတွေဟာ နိုင်ငံတကာ ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေးကို ဘယ်လိုမှအထောက်အကူ မပြုတဲ့အပြင် ဒေသဆိုင်ရာ တင်းမာမှုတွေကိုသာ ဖြစ်ပေါ်လာစေနိုင်ပါတယ်။ ဒီကနေ့ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါ နိုင်ငံအချို့ရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး ဗန်းပြပြီး စစ်ဆင်နွှဲ သိမ်းပိုက်မှု အခြေအနေဆိုးတွေက သက်သေပြလျက် ရှိနေပါတယ်။

အမေရိကန်နိုင်ငံတွင် ဒီမိုကရက်တစ်ပါတီရဲ့ သမ္မတလောင်းဖြစ်တဲ့ မစ္စတာဂျွန်ကယ်ရီက "အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံခြားရေးပေါ်လစီတွင် ဒီမိုကရေစီထွန်းကားရေးဟာ အမြဲတစေ ဦးစားပေးကဏ္ဍတွင် မရှိနိုင်ပါလို့ ဆိုပါတယ်။ ကမ္ဘာ့အချို့နေရာများတွင် ဒီမိုကရေစီစနစ် ထွန်းကားပေါ်ပေါက်လာရေးထက် လုံခြုံရေးက ပိုမိုအရေးကြီးလှတဲ့ ကဏ္ဍမှာရှိတယ်လို့လဲ ဆိုပါတယ်။ မစ္စတာကယ်ရီက သူသာ သမ္မတဖြစ်ခဲ့ရင် ကမ္ဘာတစ်ဝန်း ဒီမိုကရေစီထွန်းကားရေးရဲ့ အရေးပါမှု လုပ်ငန်းစဉ်များကို လျှော့ပေါ့ပစ်မယ် ဖြစ်ကြောင်း၊ အထူးသဖြင့် ပါကစ္စတန်၊ဆော်ဒီအာရေဗျ၊တရုတ်၊ ရုရှားနိုင်ငံတို့နဲ့ ပတ်သက်လို့ ဒီမိုကရေစီရဲ့ကဏ္ဍကို လျှော့ချပစ်မယ်ဖြစ်ကြောင်း ဖွင့်ဟပြောဆိုခဲ့တယ်။ ဒါပေမယ့် ကမ္ဘာတစ်ဝန်းတွင် ဒီမိုကရေစီကို ဈေးကွက်တင်ဖို့ကိစ္စ အရေးကြီးလှသော်လဲ ဒီမိုကရေစီကို ချက်ချင်း တင်သွင်းပေးပို့မရတဲ့ ဈေးကွက်နိုင်ငံများရှိကြောင်း၊ ဒီမိုကရေစီ ချက်ချင်း ရှင်သန်နိုင်တဲ့ ရေမြေရာသီဥတုအနေအထားမျိုး မရှိသေးတဲ့ နိုင်ငံများရှိကြောင်း၊ ဒါကြောင့် မိမိတို့ဖြစ်စေချင်တဲ့ အရာအားလုံးကို နေရာတကာတွင် တစ်ပြိုင်နက်တည်း အတင်းအဓမ္မ ဖော်ဆောင်ပေးလို့ မရကြောင်း" သတိသံဝေဂထား ပြောကြားသွားပါတယ်။

ဒီကနေ့ ကမ္ဘာမှာ အမေရိကန်အစိုးရ ရှေ့ဆောင်ပြီး အကြမ်းဖက်မှုကို တိုက်ဖျက်နေတယ်လို့ဆိုပါတယ်။ အခုလို တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းမှုကိုလဲ ကြိုဆိုပါတယ်။ ဒါပေမယ့် အမေရိကန်ကိုယ်တိုင် တိုင်းတစ်ပါးနိုင်ငံများအပေါ် အကြမ်းဖက် စစ်အင်အားသုံး သိမ်းပိုက်မှုတွေ၊ သြဇာခံဖြစ်ရေးအတွက် တစ်ဖက်သတ် ပိတ်ဆို့ဖိအားပေးမှုတွေကို ရှောင်ကြဉ်နိုင်မှသာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဟာ ချောမွေ့အောင်မြင်နိုင်မယ် ဖြစ်ပါတယ်။ အမေရိကန်တို့အဖို့ မိမိတို့ကိုယ်တိုင်ကိုလဲ ဆန်းစစ်ပြင်ဆင်ဖို့ လိုပါတယ်။

**ဒီကနေ့ မြန်မာနိုင်ငံရဲ့ တည်ဆဲတပ်မတော်အစိုးရဟာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေး၊ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးကို ကြိုးပမ်းနေချိန်ဖြစ်ပါတယ်။ ဒီအတွက် နိုင်ငံတော် ရှေ့ဆက်သွားရမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ မည်သည့်နိုင်ငံရဲ့ ပြည်တွင်းရေးကိုမှ ဝင်ရောက်စွက်ဖက်မှု မရှိတဲ့အပြင် မိမိတို့နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုကိုလဲ ဆန့်ကျင်ပါတယ်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ကို တိကျစွာ လိုက်နာကျင့်သုံးတဲ့ အစိုးရလဲ ဖြစ်ပါတယ်။**

ဒါကြောင့် နိုင်ငံတကာတွင်လဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်နဲ့ ကမ္ဘာ့ကုလသမဂ္ဂရဲ့အခြေခံမူများ၊ နိုင်ငံတကာ ဆက်ဆံရေးမူများ ပိုမိုကောင်းမွန်တိုးတက်လာဖို့ လိုပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံတို့ဟာ နိုင်ငံရေး၊ စီးပွားရေး အဆင့်အတန်း ဖွံ့ဖြိုးတိုးတက်မှု၊ သမိုင်းနဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းနောက်ခံများ ကွဲပြားနေမှုကြောင့် လူမှုစနစ်တွေလဲ ကွဲပြားနေဦးမယ်ဖြစ်ပါတယ်။ ဘယ်လိုပင်မတူ ကွဲပြားနေသော်လဲ နိုင်ငံတိုင်း တန်းတူညီမျှတဲ့ အခြေခံပေါ်မှာ ဆက်ဆံဆောင်ရွက်ကြဖို့ဖြစ်ပါတယ်။ နိုင်ငံတကာ ချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးကို ကြိုးပမ်းသွားကြဖို့ ဖြစ်ပါတယ်။ ဒါမှသာ အစိုးရတွေဟာလဲ ပြည်ပစွက်ဖက်ခြယ်လှယ်မှုကင်းစွာ လူ့အခွင့်အရေးနဲ့ အခြေခံလွတ်လပ်မှုတွေကို တိုးမြှင့်ကျင့်သုံးလာနိုင်မယ်ဖြစ်ပြီး နိုင်ငံတကာ လူ့အဖွဲ့အစည်းကြီး ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်လာမယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

---

ဒီကနေ့ မြန်မာနိုင်ငံရဲ့ တည်ဆဲတပ်မတော်အစိုးရဟာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ် စည်းလုံးရေး၊ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးကို ကြိုးပမ်းနေချိန်ဖြစ်ပါတယ်။ ဒီအတွက် နိုင်ငံတော် ရှေ့ဆက်သွားရမယ့်မူဝါဒလမ်းစဉ်( ၇ )ရပ်ကို အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ မည်သည့် နိုင်ငံရဲ့ ပြည်တွင်းရေးကိုမှ ဝင်ရောက်စွက်ဖက်မှု မရှိတဲ့အပြင် မိမိတို့နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုကိုလဲ ဆန့်ကျင်ပါတယ်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး( ၅ )ချက်ကို တိကျစွာ လိုက်နာကျင့်သုံးတဲ့ အစိုးရလဲ ဖြစ်ပါတယ်။

---

## ခံတပ်တည်ထောင် မေတ္တာနှောင်

* တိုင်းပြည်တစ်ခု၊ ခွန့်ရှည်မှုတွက်
ကြီးထုခံတပ် လိုပါသည်။

* ကြီးထုခံတပ်၊ မပြတ်ဖြစ်တည်
အခွန့်ရှည်မှု၊ ယဉ်ကျေးမှုကို
ပြုစုဆတိုး၊ အမျိုးသားလက္ခဏာ
ဂုဏ်ဝါအရှိ၊ ဇာတိအမျိုး
မညှိုးမပျောက်၊ စဉ်ထွန်းတောက်အောင်
ကြံဆောင်အားထုတ်၊ ပတ်တကုတ်လျှင်
ပြုလုပ်မှသာ၊ ဖြစ်နိုင်ပါ၏။

* အမြဲပင်လျှင်၊ နှစ်စဉ်ကျင်းပ
ဆိုကရေးတီး၊ ပြိုင်ပွဲကြီးသည်
ခွန့်ရှည်ခံတပ်၊ ဂုဏ်ဒြပ်နှင့်
မပြတ်ခိုင်မာ၊ ဖြစ်တည်ကာဖြင့်
မေတ္တာဖွဲ့နှောင်၊ တို့ပြည်ထောင်၏
အရှိလက္ခဏာ၊ ထင်ရှားစွာဖြင့်
ပြရာပွဲကြီး ဖြစ်သတည်း။ ။

မေရှ



**အောက်တိုဘာ ၇ ရက်က စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကိုယ့်အားကိုယ်ကိုး နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ ဖွင့်ပွဲ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းမြှေးနှင့်ရပ်ကွက်ဥက္ကဋ္ဌ ဦးပုကြွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ်ပြန်/ဆက်)

## အထက(၁)အင်းစိန် အာစရိယပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၁၅**

အထက(၁)အင်းစိန်တွင် ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၀ ရက် မွန်းလွဲ၂နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသူ ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးက ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၁၈ ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် ကျောင်းခန်းမ၌ ကျင်းပရန်နှင့် ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးများကို အပတ်စဉ် (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင်ကျင်းပရန် ဆုံးဖြတ်ကြသည်။ အာစရိယပူဇော်ပွဲနှင့် စပ်လျဉ်း၍ ဦးမြတ်နိုင် ဖုန်း-၅၀၂၀၇၇၊ ဦးစောပြည်သိမ်း ဖုန်း-၆၄၃၇၆၃နှင့် ဦးတင့်စိန်ဖူး ဖုန်း-၆၄၃၉၇၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

**(က-ပ)**

## မူဆယ်မဂ္ဂဇင်းအမှတ် (၃) ထုတ်ဝေမည်

**ရန်ကုန် အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်သူတစ်ရပ်လုံးသို့ အသိပေးရန် သုတ၊ရသ၊စာပေကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ စာပေဝါသနာရှင်များအား ပြုစုပျိုးထောင်ပေးရန်နှင့် တိုင်းရင်းသားယဉ်ကျေးမှုများကိုဖော်ထုတ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မူဆယ်မဂ္ဂဇင်း အမှတ် (၃) ကို ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မူဆယ်မဂ္ဂဇင်း အမှတ် (၃)ကို စာရေးဆရာကြီးများ၏ သုတ၊ရသ စာပေလက်ရာမွန်များ၊ ဒေသခံ စာပေဝါသနာရှင်များ၏ သုတ၊ရသ စာပေလက်ရာသစ်များဖြင့် ဝေဝေဆာဆာထုတ်ဝေသွားမည်ဖြစ်ရာ လှိုင်ဆမ်ဆစ်စာပေ ဖုန်း-၀၁-၃၇၁၈၀၀ (လိုင်းခွဲ - ၃၆၂) သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(က-ပ)**

# ရောဂါဆိုးကြီးများကာကွယ်တိုက်ဖျက်ရေး မြန်မာနိုင်ငံ၏ကြိုးပမ်းမှု နိုင်ငံတကာကအသိအမှတ်ပြု မြန်မာ့တိုင်းရင်းဆေးပညာ ပြည်သူများအတွင်းခေတ်စားလာပြီး ခေတ်မီတိုင်းရင်းဆေးဝါးစက်ရုံကြီးများပေါ်ထွန်းလာ

● ကျော်ဖုံးမှ

အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ မေ့ဆေးဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ သူနာပြုများ၊ ဆေးပညာရှင်များနှင့်တကွ ပံ့ပိုးဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအားလုံးကို နိုင်ငံတော်အစိုးရက ဂုဏ်ပြုခဲ့ပြီးလည်းဖြစ်ကြောင်း။

### အထပ်ထပ်အခါခါလေ့ကျင့်

ဤကဲ့သို့ အသည်းအစားထိုးခွဲစိတ်ကုသမှုမှာ ချက်ချင်းလက်ငင်း စတင်ဆောင်ရွက်နိုင်သည့် ကိစ္စမျိုးမဟုတ်ဘဲ လွန်ခဲ့သည့် နှစ်နှစ်သုံးနှစ်ခန့်မှစတင်၍ နိုင်ငံတော်အပိုင်းက အသည်းခွဲစိတ်ကုသမှုဆိုင်ရာ ခေတ်မီပစ္စည်းကိရိယာများ၊ ဆေးဝါးများဖြည့်ဆည်းပေးမှုများ၊ ဆေးပညာရှင်များအား ပြည်ပသို့ ပညာတော်သင် စေလွှတ်မှုနှင့် လေ့လာရေးခရီး စေလွှတ်မှုများ စသည့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သလို ဆေးပညာရှင်များအပိုင်းကလည်း အထပ်ထပ်အခါခါ လေ့ကျင့်ပြင်ဆင်မှုများ အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း။

ဤကဲ့သို့ အဘက်ဘက်က ပြည့်စုံသည့်တိုင် အသည်းအစားထိုး ခွဲစိတ်ကုသမှုခံယူမည့် ဝေဒနာရှင်နှင့် အသည်းအလှူရှင်တို့ အချိန်ကိုက် ရရှိနိုင်မှုလည်း လိုအပ်သေးကြောင်း။

### ဂုဏ်ယူဖွယ်စွမ်းဆောင်မှု

ယခုလိုအဘက်ဘက်မှ ပြည့်စုံစေရအောင် အချိန်ယူပြင်ဆင်ခဲ့ပြီးမှ ဆေးပညာရှင်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံး အသည်းအစားထိုးခွဲစိတ်ကုသအောင်မြင်မှုမှာ မြန်မာ့ဆေးပညာသမိုင်းတွင် သမိုင်းမှတ်တမ်းမော်ကွန်းရေးထိုးရမည့် အောင်မြင်မှုတစ်ရပ်ဖြစ်သလို နိုင်ငံတော်အတွက်ရော ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဆေးပညာရှင်များအားလုံးအတွက်ပါ ဂုဏ်ယူဝင့်ကြွားဖွယ် စွမ်းဆောင်မှုတစ်ရပ်လည်း ဖြစ်ကြောင်း။

မိမိတို့ နိုင်ငံတော်အစိုးရလက်ထက် ခေတ်ကာလတွင် နှလုံးရပ်ခွဲစိတ်ကုသမှု (Opren Heart Sulgery) အပါအဝင် အဆင့်မြင့် နှလုံးရောဂါရှာဖွေကုသမှုများ၊ ကျောက်ကပ် အစားထိုးခွဲစိတ်ကုသမှုများ၊ ကိုယ်ချင်းဆက် အမြွှာများအောင်မြင်စွာ ခွဲစိတ်ကုသပေးမှုများ၊လုံးဝပြတ်တောက်သွားသော လက်ကို အဏုစိတ်ခွဲစိတ်ကုသမှုဖြင့် ပြန်လည်ဆက်ပေးခဲ့မှုများစသည့် အဆင့်မြင့် ခွဲစိတ်ကုသမှုများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်နေခြင်းမှာ မြန်မာနိုင်ငံ ကျန်းမာရေးကဏ္ဍ၏ ထူးခြားသော သမိုင်းမှတ်တိုင်များပင်ဖြစ်ကြောင်း။

### တစိုက်မတ်မတ်ကြိုးပမ်း

ဤကဲ့သို့ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ထူးခြားသော အောင်မြင်တိုးတက်မှုများ ဖြစ်ထွန်းလာစေရအောင် မိမိတို့နိုင်ငံတော်၏ တာဝန်ကိုယူခဲ့ရသည့် ၁၉၈၈ခုနှစ်မှစတင်၍ နယ်ပယ်စုံကဏ္ဍစုံမှာ စနစ်တကျ စီမံကိန်းများချမှတ်ပြီး အရှိန်အဟုန်ဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လာခဲ့ကြောင်း။

ပြည်သူများအတွက် ကျန်းမာရေးပြုစု စောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရအောင် ခုတင် (၃၀၀)ဆံ့ဆေးရုံကြီးများ၊ ခုတင် (၂၀၀) ဆံ့ ဆေးရုံကြီးများမှစ၍ (၁၆)ခုတင်ဆံ့ ဆေးရုံများအထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက်လျက် ဆေးရုံများအသစ်တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသဖြင့် မိမိတို့ခေတ်ကာလအတွင်းဆေးရုံပေါင်း ၁၀၀ ကျော်တိုးပွားလာခဲ့ပြီး ယခုဆိုလျှင် ဆေးရုံပေါင်း ၇၀၀ ကျော် ရှိလာခဲ့ပြီ ဖြစ်ကြောင်း။

### နိုင်ငံတကာအဆင့်မီ

ထို့အပြင် ပုဂ္ဂလိကကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှုများကိုကြည့်လျှင်လည်း ယခင်ခေတ်ကာလက ဆေးကုသခန်းများသာရှိခဲ့ရာက ယခုအချိန်အခါတွင် ခေတ်မီပုဂ္ဂလိကဆေးရုံကြီးများ၊ နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကဓာတ်ခွဲခန်းကြီးများ များစွာပေါ်ထွန်းနေပြီဖြစ်ကြောင်း။

ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတိုးမြှင့်ပေးနိုင်ရေး၊ ဆေးပညာအဆင့်အတန်း တိုးတက်မြင့်မားရေး၊ အရည်အသွေးမြင့်မားသည့် ဆေးပညာရှင်များ ပေါ်ထွန်းလာရေးတို့အတွက်လည်း နိုင်ငံတော်အစိုးရက စနစ်တကျ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏လမ်းညွှန်ချက်အရ မြန်မာနိုင်ငံ၏ကျန်းမာရေး စောင့်ရှောက်ပေးမှု အဆင့်အတန်းကို အရှေ့တောင်အာရှရှိ ကျန်းမာရေး ကဏ္ဍတွင်ရှေ့တန်းရောက်နေသည့် နိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်စေရေး ဦးတည်ချက်ဖြင့်ကျန်းမာရေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားရေးအတွက် အထူးလေးနှစ်စီမံကိန်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း။

### ပြည့်ပြည့်စုံစုံဖြည့်ဆည်းပေးခဲ့

ယင်းအထူး လေးနှစ်စီမံကိန်းအရ ဆေးတက္ကသိုလ်များ၊ ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များနှင့်ဆေးရုံကြီးများတွင် ခေတ်မီအီလက်ထရွန်နစ်ပစ္စည်း ကိရိယာများ၊ ခေတ်မီရောဂါရှာဖွေရေး၊ ကုသရေးပစ္စည်းကိရိယာများ နိုင်ငံတကာအဆင့်မီ ဆေးရုံသုံးပစ္စည်းကိရိယာများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဆေးဝါးများကို နိုင်ငံတော်ဘဏ္ဍာငွေမှ အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော် သုံးစွဲလျက် ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းပေးခဲ့ကြောင်း။

ဤကဲ့သို့ စနစ်တကျဖြင့် ဘက်စုံကဏ္ဍစုံမှ ဖြန့်ကြက်ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ယခုဆိုလျှင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုကို နယ်စပ်အစွန်အဖျားဒေသများအထိ တိုးမြှင့် လွှမ်းခြုံပေးနိုင်ပြီဖြစ်သလို ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမှာလည်း အဆင့်အတန်းတိုးတက်မြင့်မားလာပြီး ကျန်းမာရေးကဏ္ဍတွင် မော်ကွန်းရေးထိုးရမည့် အောင်မြင်ဖြစ်ထွန်းမှုများ များစွာပေါ်ထွန်းလာခဲ့ပြီ ဖြစ်ကြောင်း။

မြန်မာ့ကျန်းမာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ ပြည်တွင်းပြည်ပမှ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုများမှာလည်း တိုးပွားဖြစ်ထွန်းလာသည်ကို တွေ့ရကြောင်း။

### တိုးတက်ဖြစ်ထွန်းလာ

အလားတူပင် HIV-AIDS ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါစသည့် ရောဂါဆိုးကြီးများ ကာကွယ်တိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို နိုင်ငံတကာမှ အသိအမှတ်ပြုလာပြီး ပူးပေါင်း



ကျန်းမာရေးဝန်ကြီး ဦးအနဝန်ကြီး ဒေါက်တာ ကျော်မြင့် အမျိုးသားကျန်းမာရေးကော်မတီ (၄၁) ကြိမ်မြောက် အစည်းအဝေးတွင်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပါဝင်ပံ့ပိုးမှုများ ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း၊ အထူးသဖြင့် HIV-AIDS ရောဂါ တားဆီးကာကွယ်ရေးတွင် အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း ဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလာသည်ကို တွေ့နိုင်ကြောင်း။

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ တိုးတက်အောင်မြင်မှုများတွင် မြန်မာ့တိုင်းရင်းဆေးပညာလောက တိုးတက်ဖြစ်ထွန်းမှုများမှာလည်း ရှေ့တန်းကပါဝင်နေကြောင်း။

### အစိုးရကအားပေးမြှင့်တင်

မြန်မာ့တိုင်းရင်းဆေးပညာမှာ အစွမ်းထက်မြက်သည့် ရိုးရာအမွေအနှစ်ဆေးပညာတစ်ရပ်ဖြစ်ရာ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရအောင် အားပေးချီးမြှောက်ပါက နိုင်ငံတော်အတွက်ရော ပြည်သူများအတွက်ပါ များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဆိုသည့် သဘောထားခံယူချက်ဖြင့် နိုင်ငံတော်အစိုးရက အားပေးမြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့အချိန်အခါတွင် မြန်မာ့တိုင်းရင်းဆေးရုံကြီးများ ပေါ်ထွန်းလာပြီဖြစ်သလို မြန်မာ့တိုင်းရင်းဆေးပညာကို စနစ်တကျ သင်ကြားလေ့ကျင့်ပေးနိုင်မည့် တိုင်းရင်းဆေးတက္ကသိုလ်ကြီးလည်း ပေါ်ထွန်းလာပြီဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ ညီလာခံကို နှစ်စဉ်ကျင်းပပေးလျက်ရှိရာ မြန်မာ့တိုင်းရင်းဆေးပညာကဏ္ဍတွင် စိတ်ဓာတ်ရေးရာ အပိုင်းရော ဆေးပညာဖွံ့ဖြိုးတိုးတက်မှုအပိုင်းအတွက်ပါ များစွာအထောက်အကူပြုလျက်ရှိနေပြီဖြစ်ကြောင်း။

### တစ်ခေတ်ဆန်းသစ်ထွန်းတောက်

ဤကဲ့သို့ နိုင်ငံတော်အစိုးရက စနစ်တကျအားပေးချီးမြှောက်လျက်ရှိသဖြင့် ယခင်က တိမ်မြုပ်ပျောက်ကွယ်နေခဲ့သော မြန်မာ့တိုင်းရင်းဆေးပညာရပ်များ ပြန်လည် ပေါ်ထွန်းလာသလို မှေးမှိန်နေခဲ့သော မြန်မာ့တိုင်းရင်းဆေးလောကမှာလည်း တစ်ခေတ်ဆန်းသစ် ထွန်းတောက်လာခဲ့ပြီဖြစ်ကြောင်း။

ယခုအခါတွင် မြန်မာ့တိုင်းရင်းဆေးပညာမှာ ပြည်သူများအတွင်း ပြန်လည်တွင်ကျယ်ခေတ်စားလာခဲ့ပြီး ခေတ်မီမြန်မာ့တိုင်းရင်းဆေးဝါးထုတ်စက်ရုံကြီးများလည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

### တိုင်းရင်းဆေးဝါးဖော်ထုတ်နိုင်ခဲ့

ထို့အပြင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံ၌ အဖြစ်များသော ရောဂါကြီးခြောက်မျိုးအတွက် မြန်မာ့တိုင်းရင်းဆေးဝါးများ၊ မြန်မာ့တိုင်းရင်းပရဆေးပင်များ၊ သစ်ဥသစ်ဖုများကို အခြေခံပြီး ခေတ်မီဆေးဝါးများသုတေသနပြုထုတ်လုပ်သွားရန် လမ်းညွှန်ခဲ့သည်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ငှက်ဖျားရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဝမ်းလျှောဝမ်းပျက်ရောဂါ စသည့် ရောဂါကြီးများအတွက် အာနိသင်ထက်မြက်သည့် မြန်မာ့တိုင်းရင်းဆေးဝါးများ ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ယနေ့ခေတ်ကာလ၏ ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်သည့် အသည်းရောင် အသားဝါရောဂါ(ဘီ)ပိုးအတွက် နိုင်ငံတကာအဆင့်မီ ကာကွယ်ဆေးစက်ရုံတစ်ရုံကိုလည်း ထူထောင်နိုင်ခဲ့ပြီး ဆေးဝါးများ စတင်စမ်းသပ်ထုတ်လုပ်နိုင်နေပြီဖြစ်ကြောင်း။

### ကြီးလေးသောတာဝန်ရှိ

ဤကဲ့သို့ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ တိုးတက်အောင်မြင်မှုများ ဖြစ်ထွန်းနေသည့်အချိန်ကာလတွင် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံမှုပေးနိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး တိုးမြှင့်ပေးနိုင်ရေးတို့အတွက် ပိုမို၍ကြီးလေးသော တာဝန်များရှိလာသည်ဟု ကျန်းမာရေးကဏ္ဍမှ တာဝန်ရှိသူများအားလုံးက ခံယူထားကြဖို့ မှာကြားလိုကြောင်း။

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုများကို နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေ တိုးတက်ဖြစ်ထွန်းစေဖို့ အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် ကျေးလက်အစွန်အဖျားဒေသများ၊ နယ်စပ်အစွန်အဖျား ဒေသများအထိ ကျန်းမာရေးစောင့်ရှောက်မှု ဆက်လက်ထိရောက်စွာ ပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

## ကျန်းမာရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်းမှု များစွာပေါ်ထွန်းလာ

- မြန်မာ့ကျန်းမာရေးကဏ္ဍ တိုးတက်ဖြစ်ပေါ်မှုများ အများအပြားဖြစ်ထွန်းလာခဲ့ရာတွင် ကြီးမားသော အောင်မြင်မှုတစ်ရပ်အဖြစ် အသည်းအစားထိုးကုသမှု အောင်မြင်ခဲ့ခြင်းဖြစ်၊
- အသည်းအစားထိုးခွဲစိတ်ကုသအောင်မြင်မှုမှာ မြန်မာ့ဆေးပညာသမိုင်းတွင် သမိုင်းမှတ်တမ်းမော်ကွန်းရေးထိုး ရမည့် အောင်မြင်မှုတစ်ရပ်ဖြစ်သလို နိုင်ငံတော်အတွက်ရော ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဆေးပညာရှင်များအားလုံးအတွက်ပါ ဂုဏ်ယူဝင့်ကြွားဖွယ် စွမ်းဆောင်မှုတစ်ရပ်လည်းဖြစ်၊
- ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ထူးခြားသောအောင်မြင်တိုးတက်မှုများ ဖြစ်ထွန်းလာစေရအောင် မိမိတို့နိုင်ငံတော်၏ တာဝန်ကိုယူခဲ့ရသည့် ၁၉၈၈ ခုနှစ်မှစတင်၍ နယ်ပယ်စုံ ကဏ္ဍစုံမှာ စနစ်တကျ စီမံကိန်းများချမှတ်ပြီး အရှိန်အဟုန်ဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လာခဲ့၊
- မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှု အဆင့်အတန်းကို အရှေ့တောင်အာရှရှိ ကျန်းမာရေးကဏ္ဍတွင် ရှေ့တန်းရောက်နေသည့် နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်စေရေးဦးတည်ချက်ဖြင့် ကျန်းမာရေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားရေးအတွက် အထူးလေးနှစ်စီမံကိန်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့၊
- ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုကို နယ်စပ်အစွန်အဖျားဒေသများအထိ တိုးမြှင့်လွှမ်းခြုံပေးနိုင်ပြီဖြစ်၊
- ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမှာလည်း အဆင့်အတန်းတိုးတက်မြင့်မားလာပြီး ကျန်းမာရေးကဏ္ဍတွင် မော်ကွန်းရေးထိုးရမည့် အောင်မြင်ဖြစ်ထွန်းမှုများ များစွာပေါ်ထွန်းလာခဲ့ပြီဖြစ်။



# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ပေါ်တူဂီနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၁၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပေါ်တူဂီနိုင်ငံ သံအမတ်ကြီး မစ္စတာဂျိုအာအို၊အန်တိုနီယို၊ ဒီ၊ဆီလ်ဗီးယားရား၊ ဒီ၊လီမာ၊ ပီမင်တယ်လ်အား ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ရွှေနိုင်ငံဂျာနယ် အတွဲ ၃၊ အမှတ် ၁၃ ဖြန့်ချိ



**ရန်ကုန် အောက်တိုဘာ ၁၅**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ ၃၊ အမှတ် ၁၃ ကို ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည့်သတင်း၊ မောင်ဆုရှင်၊ တက္ကသိုလ်သန်၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ တက္ကသိုလ်မြတ်သူ၊ မောင်မောင်ဟန်(မကွေး)၊စိန်မြင့်(ရွှေချည်ထိုး)၊သက်သက်သင်း(ပညာရေး)၊ ကြည်လင်း(ဆေး)၊ကျော်ဖုန်းမြင့်(ဓာတုဗေဒ)၊ ဇော်ရဲကျော်၊ မောင်ကျေးဗူး၊ တက္ကသိုလ်လှကြွယ်တို့၏ ဖတ်ဖွယ်မှတ်ဖွယ်ဆောင်းပါးများနှင့် နှင်းသစ္စာကျော်၏ကဗျာ၊ နိုင်ငံတကာဟာသများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၆-၁၀-၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၅ | ၅။ | အကပဒေသာ |
| ၈:၁၅ | ၆။ | အဆိုပြိုင်ပွဲ |
| ၈:၃၀ | ၇။ | International News |
| ၈:၄၅ | ၈။ | Grammar made Easy |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | စစ်သည်တေး |
| ၁၁:၁၀ | ၂။ | တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ် |
| ၁၃:၁၅ | ၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**အပိုင်း(၃၅) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၄:၅၀ | ၁။ | ၂၀၀၄ ခုနှစ် အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ဒုတိယအကြိုဗိုလ်လုပွဲ)** |
| ၁၆:၄၅ | ၂။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၇:၀၀ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၁၇:၁၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇:၃၀ | ၅။ | မြန်မာစာ၊မြန်မာစကား |
| ၁၇:၅၀ | ၆။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၈:၁၅ | ၇။ | တေးဂီတအစီအစဉ် |
| ၁၈:၃၀ | ၈။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၉။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၀။ | Discovery |
| ၁၉:၁၅ | ၁၁။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"**(အပိုင်း-၂၃) |
| ၁၉:၄၅ | ၁၂။ | ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဂုဏ်ပြုအစီအစဉ် **"စားနပ်ရိက္ခာဖူလုံဖို့ ဇီဝမျိုးစုံ ထိန်းသိမ်းစို့"** |
| ၂၀:၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ |
| | ၁၇။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မေတ္တာသည် ဆန်းကြယ်လှသည်"** (အပိုင်း-၈) |
| | ၁၈။ | နောက်တစ်နေ့အစီအစဉ် |

**စာမျက်နှာ ၆ မှ**

အထူးသဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်အောင်မြင်ဖြစ်ထွန်းရေးအတွက် ကျန်းမာရေးကဏ္ဍက ပါဝင် ကြိုးပမ်းဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

**အရည်အသွေးပါတိုးတက်**

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတိုးတက်အောင်မြင်ဖြစ်ထွန်းနေသည့် ယနေ့အချိန်အခါကာလတွင် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှု၊ ရောဂါများ ကာကွယ်တားဆီးကုသပေးမှုတို့ကို အရေအတွက်ရော အရည်အသွေးပါ တိုးတက်ဖြစ်ထွန်းစေရအောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီအတွင်းရေးမှူး ဒေါက်တာကြည်စိုးက အမျိုးသားကျန်းမာရေးကော်မတီအကြိမ်(၄၀)မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လမ်းညွှန်မှုခံယူ**

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က Global Fund အစီအစဉ်ဖြင့် အေအိုင်ဒီအက်စ်၊တီဘီ၊ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့များ ပူးပေါင်း၍ စနစ်တကျဖြင့် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို တင်ပြ၍ အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုကိုခံယူသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးက ပဉ္စမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် ပဉ္စမအကြိမ် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲကျင်းပရန်ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် အမျိုးသားကျန်းမာရေးကော်မတီက အတည်ပြုလမ်းညွှန်ရန်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမြဦးက မြန်မာနိုင်ငံတွင် အောင်မြင်စွာ ခွဲစိတ်ဆောင်ရွက်ခဲ့သည့် ကိုယ်ချင်းဆက်အမြွှာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**အကြံပြုတင်ပြ**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီအတွင်းရေးမှူး ဒေါက်တာကြည်စိုးက အမျိုးသားကျန်းမာရေးကော်မတီ(၄၁)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များကို တင်ပြအတည်ပြုချက်ရယူသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး ဆေးရုံကြီးများ အမြဲတမ်းသစ်လွင်ခိုင်ခံ့အောင် ထိန်းသိမ်းပြုပြင်ရေး၊ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးခေတ်မီပစ္စည်းကိရိယာများ ခေတ်နှင့်လျော်ညီစွာ အဆင့်မြှင့်တင်ဖြည့်ဆည်းပေးရေး၊ ဆေးတက္ကသိုလ်များနှင့် ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များတွင် ခေတ်မီသင်ကြားမှု သင်ယူမှုအထောက်အကူပြု ပစ္စည်းကိရိယာများ နိုင်ငံတကာအဆင့်မီအောင် အစဉ်မပြတ် ဖြည့်တင်းပေးရေးနှင့် ရန်ကုန်မြို့တော်ကြီးကို ကြွက်၊ခြင်၊ယင်စသည့် ပိုးမွှားများကင်းစင်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းသပ်ရပ်သည့် မြို့တော်ကြီးဖြစ်အောင် အလေးထားကြိုးပမ်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**




## ကျန်းမာရေးဟောပြောပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကျင်းပသော ရန်ကုန်တိုင်း လူငယ်ရိပ်မြုံ(ပုဇွန်တောင်) ဆယ်ကျော်သက်ရွယ် မျိုးဆက်ပွားကျန်းမာရေးမြှင့်တင်ရေးဟောပြောပွဲကို အောက်တိုဘာ ၃ရက်က ကျင်းပခဲ့ကြောင်းသိရသည်။ **(က-ပ)**

## မုတ္တမအထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၅**

မွန်ပြည်နယ် မုတ္တမအထက ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၃၁ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မုတ္တမအထက၌ ကျင်းပမည်ဖြစ်ရာ မုတ္တမအထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့် ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီက ဖိတ်ကြားထားသည်။

ပါဝင်လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူ ဟောင်းများသည် ဦးလှထွန်း ဖုန်း-၀၁-၂၀၁၅၅၅ လိုင်းခွဲ-၄၂၁၊ ဦးမျိုးမြင့် ဖုန်း-၀၁-၅၃၄၈၀၆၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၀-၀၆၁၈၉၊ ဦးကိုကိုလေး ဖုန်း-၀၁-၂၀၀၁၃၅၊ ဦးစိုးအောင် ဖုန်း-၀၅၇-၂၄၃၉၃၊ ဦးမောင်မောင် ကျောင်းအုပ်ကြီး ဖုန်း-မုတ္တမ လိုင်းခွဲ ၄၅နှင့် ဦးစိုးဇော် ဖုန်း-၀၅၇-၂၅၁၅၄ မုတ္တမလိုင်းခွဲ ၁၁၊ ဦးတင်မောင်ဖုန်း-၀၁-၅၀၁၄၆၆ လိုင်းခွဲ ၂၈၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးထစ်ချုန်း

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**





**လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း)လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

■ *ကျောဖုံးမှ*

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ တပ်မတော်အရာရှိကြီးများ၊ လားရှိုးတပ်နယ်ရှိ အရာရှိစစ်သည်များနှင့်မိသားစုဝင်များ တက်ရောက်ကြသည်။

## ရှင်းလင်းမှာကြား

တွေ့ဆုံပွဲအခမ်းအနားတွင် အတွင်းရေးမှူး(၂)စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဒို့တာဝန်အရေး(၃)ပါး ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ဦးလည်မသုန် ကျေကျေ ပွန်ပွန် တာဝန်ထမ်းဆောင်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

ပြည်ပသို့ တင်ပို့နိုင်ရမည်ဆိုသည့် ရည်မှန်းချက်(၃)ရပ်ကို ချမှတ်ဆောင်ရွက်စေလျက်ရှိကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ရေ၊ မြေ၊ ရာသီဥတုအခြေအနေပေးသည့် နိုင်ငံဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် စိုက်ပျိုးနိုင်သည့် မြေဧက ၄၂ဒသမ၉သန်းခန့်ရှိသည့်အနက် လက်ရှိသီးနှံစိုက်ပျိုးနိုင်သည့် ဧကမှာ ၂၅ဒသမ၄သန်းခန့်သာရှိသဖြင့် စိုက်ပျိုးနိုင်သည့်မြေဧက ၁၇ သန်းကျော် ကျန်ရှိနေသေးသည်ကို တွေ့ရှိရကြောင်း။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စိုက်ပျိုးရေရရှိရန် နိုင်ငံတော်အစိုးရက ဆည်မြောင်း၊ တာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေ ရရှိရေးစီမံကိန်းများကိုဆောင်ရွက်ပေးခဲ့ကြောင်း။

## ပိုလျှံအောင်ကြိုးပမ်းကြရမည်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ မြေယာအသုံးချမှုကိုလေ့လာပါက စိုက်ပျိုးနိုင်သည့် မြေဧက ၁၁ဒသမ၉၉သိန်းကျော်ရှိပြီး အမှန်တကယ် သီးနှံစုံစိုက်ပျိုးနိုင်မှုမှာ ၁၁ဒသမ၇၃သိန်းကျော်သာရှိသဖြင့် စိုက်ပျိုးရန် ကျန်ရှိသည့်မြေမှာ ဒသမ ၂၆သိန်းကျော်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကျန်ရှိနေသေးသည့် မြေများကို တိုးချဲ့စိုက်ပျိုးရေး၊ ယာမြေများကိုလယ်မြေအဖြစ်ပြောင်းလဲစိုက်ပျိုးရေးကို ဖိဖိစီးစီးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသဝမ်းစာဖူလုံမှုမှာ ၉၆ဒသမ၈၄ရာခိုင်နှုန်းရှိသဖြင့်

အသေးစိတ်ရှင်းလင်းတင်ပြပြီး ၂၀၀၃-၂၀၀၄ခုနှစ်အတွင်း ဒေသဝမ်းစာဖူလုံမှု ၉၆ဒသမ၈၄ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၄-၂၀၀၅ခုနှစ်တွင် ဆင်းရွှေလီစပါး ၁၀၈၀၈၈ ဧက၊ အထူးအထွက်ကောင်း ဆင်းရတနာစပါး ၈၄၈၈ဧကနှင့် နွေစပါးစိုက်ပျိုးရာသီတွင် ၁၇၇၃၇ဧက စိုက်ပျိုးသွားမည်ဖြစ်သဖြင့် ၂၀၀၄-၂၀၀၅ခုနှစ်တွင် ဒေသဝမ်းစာဖူလုံမှု ၁၀၃ဒသမ ၀၉ရာခိုင်နှုန်းအထိရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက အထူးအထွက်တိုးစပါး တိုးချဲ့စိုက်ပျိုးသွားရေး၊ အထွက်နှုန်း ပိုမိုထွက်ရှိသည့် စပါးမျိုးသစ်ထပ်မံတီထွင်ထုတ်လုပ်သွားရေးနှင့် ဒေသအတွင်း ဖြစ်ထွန်းသည့်သီးနှံများဖြစ်သော ပြောင်းနှင့်ပဲပုပ်တို့ကို ပိုမိုတိုးချဲ့စိုက်ပျိုးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က မွေးမြူရေး အစားအစာဖြစ်သည့် ပြောင်း၊

# တစ်နိုင်ငံလုံးစိုက်ပျိုးနိုင်သည့်မြေဧက ၄၂ဒသမ၉သန်းခန့်ရှိသည့်အနက် ၂၅ဒသမ၄သန်းခန့်သာစိုက်ပျိုးနိုင် စိုက်ပျိုးနိုင်သည့်မြေဧက ၁၇သန်းကျော်ကျန်ရှိနေသေး၍ တိုးချဲ့စိုက်ပျိုးရေးဖိဖိစီးစီးဆောင်ရွက်

ယင်းနောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နံနက် ၉နာရီ ၁၅မိနစ်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးဘဏ်၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့မှ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လားရှိုး၊ မူဆယ်၊ ကျောက်မဲ၊ ကွမ်းလုံနှင့် လောက်ကိုင်ခရိုင်တို့မှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

## လယ်ယာကဏ္ဍဖွံ့ဖြိုးရေး

ညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာလယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်ရှိသည်များကို ညှိနှိုင်းဆွေးနွေးရန်ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးအပေါ်တွင် တည်မှီနေသည့်အလျောက် စီးပွားရေးအခြေအနေကောင်းများ ပေါ်ထွန်းလာရန် အဓိကအားဖြင့် လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် တွန်းအားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း။

## ရည်မှန်းချက်(၃)ရပ်ချမှတ်

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စပါးပိုလျှံရမည်၊ ဆီထွက်သီးနှံဖူလုံရမည်၊ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ တိုးတက်ထုတ်လုပ်၍

ဒေသဝမ်းစာဖူလုံခြင်းမရှိသေးကြောင်း၊ ထို့ကြောင့် ဒေသဝမ်းစာဖူလုံသည့်အပြင် ပိုလျှံအောင်ကြိုးပမ်းကြရမှာဖြစ်ကြောင်း။

ကျေးလက်နေပြည်သူအများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်မှ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်း စသည်တို့ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သကဲ့သို့ နိုင်ငံတော်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသူများမှာ ပြည်နယ်နှင့်ခရိုင်ဒေသအုပ်ချုပ်ရေး အဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် တိုင်းနှင့်ခရိုင်အဆင့်တို့မှ တာဝန်ရှိသူများပါရှိရာ မိမိတို့ဒေသ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရန် အဓိကတာဝန်ရှိသူများဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲကိုယ်တိုင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အစရှိသည့်လုပ်ငန်းများကို အခါမလပ်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

## သီးနှံများရွေးချယ်စိုက်ပျိုး

ထို့ကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးစီမံကိန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ရေး၊ ဒေသဝမ်းစာဖူလုံအောင်ဆောင်ရွက်ရေး၊ အဓိကသီးနှံ ၁၀မျိုးအတွက် သတ်မှတ်ထားသော ပန်းတိုင်အထွက်နှုန်းရရှိအောင်ဆောင်ရွက်ရေး၊ သီးနှံအမယ်သစ် သုံးမျိုးဖြစ်သည့် ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်း၊ နှစ်ရှည်ပင်သုံးမျိုးဖြစ်သည့် ရော်ဘာ၊ ဆီအုန်းနှင့်သစ်ဆိမ့်ပင်တို့ကိုလည်း မိမိတို့ဒေသနှင့်ကိုက်ညီသည့် သီးနှံများ ရွေးချယ်စိုက်ပျိုးသွားရန်လိုကြောင်း။

ထို့ကြောင့် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့တာဝန်ယူရသည့် ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ခြေကျေးလက်ဒေသများအထိ ကွင်းဆင်းကာ ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စိုက်ပျိုးလုပ်ကိုင်သူ တောင်သူများအား စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေခြင်း၊ လိုအပ်သည့်ကူညီပံ့ပိုးမှုများပေးခြင်းတို့ကို ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ကိန်းဂဏန်းများဖြင့်

ဆီထွက်ပဲပုပ်နှင့် မြေပဲတို့ကို တိုးချဲ့စိုက်ပျိုးသွားရေး ရှင်းလင်းဆွေးနွေးတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လယ်သမားကြီးများအား အထွက်တိုးစပါးမျိုးများ တိုးချဲ့စိုက်ပျိုးအောင် အသိပညာနှင့်အတတ်ပညာများ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ခရိုင်တစ်ခုတွင် စပ်မျိုးစပါးထုတ်လုပ်သည့် စခန်းသုံးလေးခု ဖွင့်လှစ်သွားရန်၊ ဒေသအထွက်ကောင်းမျိုးများကိုလည်း တိုးချဲ့စိုက်ပျိုးသွားရန်၊ ကုန်းမြင့်များတွင် လယ်မြေဖော်ထုတ် စိုက်ပျိုးနိုင်ရေးဆောင်ရွက်ရန်၊ နိုင်ငံတော်ကတာဝန်ပေးထားသည့် မိုးစပါးဧက သုံးသိန်းပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် လယ်မြေသစ်များဖော်ထုတ်သွားရန်၊ ဒေသဝမ်းစာ ဖူလုံရေးအတွက် မိမိဒေသတွင်း ထုတ်လုပ်မှုဖြင့် ရပ်တည်သွားနိုင်အောင် ကြိုးစားရန်နှင့် ပိုလျှံသည်အထိ ကြိုးပမ်းအားထုတ်စိုက်ပျိုးသွားရန် တို့နှင့်စပ်လျဉ်း၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနည်းလမ်းမျိုးစုံဖြင့်တွန်းအားပေး**

- ❒ စီးပွားရေး အခြေအနေကောင်းများ ပေါ်ထွန်းလာရေး အဓိကအားဖြင့် လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်ရန် အလွန်အရေးကြီး၊
- ❒ နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းမျိုးစုံဖြင့် တွန်းအားပေးဆောင်ရွက်၊
- ❒ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊တိုင်း စသည့်တို့ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၊
- ❒ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖွံ့ဖြိုးတိုးတက်ရေး ဒေသနှင့်ကိုက်ညီသည့် သီးနှံများရွေးချယ်စိုက်ပျိုး၊
- ❒ ဒေသဆိုင်ရာတာဝန်ရှိသူများ ဒေသများဖွံ့ဖြိုးတိုးတက်ရေး အောက်ခြေအထိ ကွင်းဆင်းကာ ဖိဖိစီးစီးကြိုးပမ်း။

အစည်းအဝေးအပြီးတွင် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ အမှတ်(၉)တပ်မတော်ဆေးရုံ ခုတင်(၁၀၀)သို့ ရောက်ရှိကြပြီး သွားဆေးကုဌာန၊ ဖျားနာကုသဆောင်၊ ခွဲစိတ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လူနာများအား အားပေးစကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တပ်မှူးဗိုလ်မှူးဆန်းထွန်းအား လက်ဆောင်များပေးအပ်သည်။

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့ ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြရာ ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာညွန့်ဝင်းမြင့်၊ ဆေးရုံအုပ်ကြီးဒေါက်တာခင်မောင်ဝါနှင့် ဆရာဝန်များ၊ ဆရာမများ၊ သူနာပြုသင်တန်း ကျောင်းသူများက ကြိုဆိုကြသည်။

## အားပေးစကားပြောကြား

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ထိခိုက်ဒဏ်ရာနှင့် အရိုး၊အကြော၊အဆစ် ခွဲစိတ်ကုသဆောင်ရှိ အထူးကြပ်မတ်ကုသခန်း၊ အမျိုးသားလူနာဆောင်နှင့် ခွဲစိတ်ခန်း၊ သားဖွားမီးယပ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးလူနာများအား အားပေးစကားပြောကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆေးရုံအုပ်ကြီးအား လက်ဆောင်များပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဝါက လားရှိုးခုတင်(၃၀၀)ဆံ့ဆေးရုံ တိုးချဲ့ဆောက်လုပ်ရေးနှင့်စပ်လျဉ်း၍ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကလေးလူနာ အဆောင်သစ်ဆောက်လုပ်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

## မိုးစပါးစိုက်ခင်းကြည့်ရှု

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် မန္တလေး–လားရှိုးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာလာကြရာ သီပေါမြို့အထွက် သုံးမိုင်အကွာရှိ မန်ဟဲကျေးရွာ ဂေါဒန်ကျောက်သတ္တုတွင်း ဆင်းရွှေလီမိုးစပါး တစ်ဧကတင်း ၂၀၀ စံပြကွက် ဧက ၃၀ စိုက်ပျိုးကွင်းသို့ရောက်ရှိကြပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် မိုးစပါးခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် လယ်သမားကြီးများအား စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ရင်းနှီးစွာမေးမြန်းပြီး လယ်သမားကြီးများအား လက်ဆောင်များပေးအပ်သည်။

သီပေါမြို့နယ်အနေဖြင့် မိုးစပါး ၄၆၃၇၇ ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ခဲ့ရာ ရာခိုင်နှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ပြီး သီပေါမြို့နယ်၌တစ်ဧကတင်း ၂၀၀ အထူးအထွက်တိုး စပ်မျိုးစပါးများ စိုက်ပျိုးခဲ့ရာ စုစုပေါင်း ဧက ၁၈၀ စိုက်ပျိုးထားကြောင်း သိရသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ကျောက်မဲမြို့နယ် အထူးအထွက်တိုးဆင်းရွှေလီ(F-1) မျိုးစေ့ထုတ်စခန်း ဧက ၃၀ စိုက်ကွင်းသို့ ရောက်ရှိကြရာ ခရိုင်စိုက်ပျိုးရေး မန်နေဂျာဦးချစ်ဖေက စပ်မျိုးစပါး ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## လက်ဆောင်ပေးအပ်

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးမေးမြန်းပြီး လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ညနေ ၃နာရီခွဲတွင် ကျောက်မဲမြို့ရှိဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများအား ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

## ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ ကျောက်မဲခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယ ဗိုလ်မှူးကြီးစိုးဝင်းက ကျောက်မဲခရိုင်၏ လူဦးရေ၊ စီးပွားရေးကဏ္ဍ အကောင်အထည်ဖော်နိုင်မှု၊ မြေယာအသုံးချမှု၊ သီးနှံစိုက်ပျိုးမှု၊ အထွက်တိုး စပါးစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေး စသည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ဒေသဝမ်းစာဖူလုံရေးအတွက် လယ်ယာမြေသစ်များ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးရေး၊ ဒေသနေပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက တက်ကြွစွာပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## ပါဝင်ဆောင်ရွက်ကြ

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဒေသနေပြည်သူများအားလုံး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကို နိုင်ငံသားအားလုံး၏ မွေးရာပါတာဝန်၊ အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ အမြဲမပြတ်လိုက်နာဆောင်ရွက်ရေး၊ ဒေသ၏ လယ်ယာကဏ္ဍ အပြင်စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသနေပြည်သူများက အားသွန်ခွန်စိုက်ပူးပေါင်းဆောင်ရွက်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အစဉ်ဂရုပြုဆောင်ရွက်ရေး၊ နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း အောင်မြင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများက အောက်ခြေကျေးလက်ဒေသအထိ ကွင်းဆင်းဆောင်ရွက်ရေး၊ အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက် ချမှတ်ခဲ့သည့် နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရေးနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကျောက်မဲခရိုင်အတွင်းရှိ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း ၁၆ ဦးတို့အား ဂုဏ်ပြုထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ ကော်ဖီစိုက်ခင်းသို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား စိုက်ပျိုးရေးတာဝန်ခံ ဗိုလ်မှူးစိုးမြင့်(အငြိမ်းစား)က တောရိုင်းမြေများကို ခုတ်ထွင်ရှင်းလင်းပြီး ကော်ဖီ၊ မက္ကဒေးမီးယား၊ ပြောင်း၊စပါး၊ မြေပဲ၊ နှမ်းနှင့် ကြံသီးနှံများ စိုက်ပျိုးထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းပြသရာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စိုက်ပျိုးရေရရှိရန် စီမံဆောင်ရွက်ပေးခဲ့ပြီး သီးနှံများ တိုးချဲ့စိုက်ပျိုးသွားရန် မှာကြားသည်။

## ဖြည့်စွက်မှာကြား

ယင်းနောက် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ မက္ကဒေးမီးယား စိုက်ပျိုးရေးစီမံကိန်းသို့ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးစိုးတင်တို့က မက္ကဒေးမီးယားစိုက်ပျိုးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# ကျေးလက်ဒေသများ ယခင်နှင့်မတူ များစွာဖွံ့ဖြိုးတိုးတက်လျက်ရှိ ဒေသဝမ်းစာဖူလုံရေး ကုန်းမြင့်လယ်မြေများ တိုးချဲ့ဖော်ထုတ် ဝင်ငွေကောင်းသော ကော်ဖီ၊လက်ဖက်နှင့် ငရုတ်ကောင်းများရွေးချယ်စိုက်ပျိုး

ရန်ကုန် အောက်တိုဘာ ၁၅

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မန္တလေးမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ရောက်ရှိကြပြီး ခေတ္တရပ်နားသည်။**

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့မှ ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းပျဉ်းမြို့သို့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာဆရာမများနှင့်ကျောင်းသား ကျောင်းသူလေးများက ကြိုဆိုကြသည်။

## ရှင်းလင်းပြသ

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မိုင်းပျဉ်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းရှိ Learning Centre Room နှင့် e-Education Learning Centre တို့၌ ကျောင်းသားကျောင်းသူလေးများ ပညာရည်မြင့်မားရေး အထောက်အကူပြု ပစ္စည်းများဖြင့် ပညာသင်ကြားနေမှုနှင့် ဂြိုဟ်တုမှတစ်ဆင့် ထုတ်လွှင့်လျက်ရှိသော နေ့စဉ်ထုတ်သတင်းစာများအား ဖမ်းယူကြည့်ရှုနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းဝင်းသော်နှင့် ကျောင်းအုပ်ဆရာကြီး ဦးထောင်ဇခင်းတို့က လိုက်လံရှင်းလင်းပြသသည်။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မိုင်းပျဉ်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

## ကြိုးစားအားထုတ်

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး Language Lab Room နှင့် Computer Aided Instruction Room, Video System Room, Audio System Room တို့၌ ပညာရည်မြင့်မားရေး အထောက်အကူပြု ပစ္စည်းများဖြင့် လေ့ကျင့်သင်ကြားလျက်ရှိသည်များကို ကြည့်ရှုအားပေးကာ သင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်းများကို ကျောင်းသားကျောင်းသူများ အမှန်တကယ်တတ်ကျွမ်းအောင် အချိန်ရသမျှ သင်ကြားသုံးစွဲရန်၊ ဆရာဆရာမများ ကိုယ်တိုင် အရည်အသွေးတိုးတက်ရေးအတွက် ကြိုးစားအားထုတ်သွားကြရန် မှာကြားသည်။

အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နံနက် ၁၁ နာရီခွဲတွင် မိုင်းပျဉ်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပသည့် ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ရှေးဦးစွာ မိုင်းပျဉ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက မိုင်းပျဉ်းမြို့၏ လူဦးရေ၊လယ်ယာကဏ္ဍ၊ မိုးစပါးစိုက်ပျိုးထွက်ရှိမှု၊ နွေစပါးစိုက်ပျိုးထွက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှု၊ မျိုးကောင်းမျိုးသန့် သုံးစွဲမှုအခြေအနေ၊ သီးထပ်သီးညှပ်စိုက်ပျိုးမှု၊ အဓိကသီးနှံများစိုက်ပျိုးမှု၊ ကုန်းမြင့်လယ်ယာဖော်ထုတ်မှု၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို ရှင်းလင်းတင်ပြသည်။

## ပြောင်းလဲတိုးတက်

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရီးစဉ်အတွင်း မိုင်းပျဉ်းမြို့သို့ ပထမဆုံး လာရောက်ခြင်းဖြစ်ကြောင်း၊ မိုင်းပျဉ်းမြို့သည် ယခင်ကာလများနှင့် နှိုင်းယှဉ်ပါက များစွာ ပြောင်းလဲတိုးတက်လာသည်ကို တွေ့ရကြောင်း၊ သို့သော်လည်း ဖွံ့ဖြိုးတိုးတက်မှုမှာ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်ပါက များစွာနေးကွေးနေကြောင်း။

ယခင်က ဤဒေသများမှာ အေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှု အားနည်းခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရက နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသကြီး ၂၄ ခု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသများမှာ ယခင်ကနှင့်မတူဘဲ များစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ကြောင်း။

## ဖွံ့ဖြိုးတိုးတက်အောင်

ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက အဓိကကျကြောင်း၊ မိမိတို့ မြို့နယ်အတွင်း တရားဥပဒေစိုးမိုးပြီး အေးချမ်းသာယာအောင် ဆောင်ရွက်သွားကြရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

မိုင်းပျဉ်းမြို့၏ ဒေသဝမ်းစာဖူလုံမှုမှာ ၆၅ရာခိုင်နှုန်းခန့်သာရှိသဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက် လယ်မြေများတိုးချဲ့စိုက်ပျိုးရေး၊ ကုန်းမြင့်လယ်မြေများဖော်ထုတ်ရေး၊ သီးထပ်စွမ်းအားတိုးတက်အောင် ဆောင်ရွက်ရေး၊ ဒေသနှင့်ကိုက်ညီသည့် ဝင်ငွေကောင်းသော ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းတို့ကို ရွေးချယ်စိုက်ပျိုးရေး၊ ဒေသအတွင်း မွေးမြူနိုင်သည့် ကြက်၊ ဝက် စသည်တို့ကို တစ်ပိုင်တစ်နိုင် အိမ်တိုင်းစေ့ မွေးမြူကြရန် စည်းရုံးဆောင်ရွက်ရေး၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသနေပြည်သူများက စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်ကြရေး မှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒေသဖွံ့ဖြိုးရေး၊ ရေအားလျှပ်စစ်ထုတ်ယူသုံးစွဲနိုင်ရေးတို့အတွက် ညှိနှိုင်းဖြည့်တင်း ဆောင်ရွက်ပေးသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော အသက်(၇၅)နှစ်အထက်စစ်မှုထမ်းဟောင်း တပ်ကြပ်လဗျ(အငြိမ်းစား)အား အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့က ထောက်ပံ့ငွေများ ပေးအပ်ပြီး အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အစည်းအဝေးသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မိုင်းပျဉ်းမြို့မှ ရှစ်မိုင်အကွာရှိ မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ ပြည်ထောင်စု လမ်းမကြီး(တောင်ကြီး–မိုင်းပျဉ်း) လမ်းပိုင်း မိုင်တိုင် အမှတ် ၃၆၂/၂ ရှိ သဲတောင်စခန်းသို့ ရောက်ရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြေထိန်းနံရံနှင့် ရေဆင်းမြောင်းကို စစ်ဆေးကြည့်ရှုရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ကျော်မြင့်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကိုမှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မိုင်တိုင် အမှတ် ၃၂၈ အနီး၌ တောင်မြေပြိုကျခြင်းမှ ကာကွယ်ရန် တည်ဆောက်ထားသည့် မြေထိန်းနံရံ နှစ်ခု တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မိုင်းပျဉ်းမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာကြရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# မြန်မာအမျိုးသမီးများနှင့် အလှဂုဏ်ရည်

ခင်ဆွေမြင့်
(မြန်မာစာ)

**မောင်တို့ခင်**
**ကျွန်တွင်းမှာ မပျော်ချင်နဲ့**
**အတူယှဉ်မောင်နှင့်ရှန်းကာပ**
**သဘော်ချည်ဝတ်ထည်မုန်းလို့ရယ်**
**သုံးစို့ဖျင်ကျဲ။ ။**

ကိုလိုနီခေတ် ဗြိတိသျှလက်အောက်တွင် နေရစဉ်အခါက ရေးဖွဲ့ခဲ့သော ဆရာကြီးမင်းသုဝဏ်၏ ကဗျာတစ်ပိုဒ်ဖြစ်သည်။ ချစ်သူမိန်းကလေးကို တိုင်းတစ်ပါးမှ အဝတ်အထည်များ မဝတ်ဆင်ဘဲ ပြည်တွင်းဖြစ် ဖျင်အင်္ကျီကို ဝတ်ဆင်ရန် ချော့မော့ဖျောင်းဖျထားသော ကဗျာဖြစ်သည်။ မြန်မာထည် မြန်မာအဝတ်ကို အမြတ်တနိုးဝတ်ဆင်ရန် တိုက်တွန်းရင်း မြန်မာ့ဇာတိမာန်ကို သိမ်မွေ့စွာ လှုံ့ဆော်ပေးခြင်းလည်း ဖြစ်သည်။ လွတ်လပ်ရေးကို အလွန်အမင်း လိုလားတောင့်တနေချိန်၊ လွတ်လပ်ရေးအတွက် စစ်မျက်နှာအသီးသီးမှ တိုက်ပွဲဝင်ရမည့် အချိန်တွင် ဝတ်စားဆင်ယင်မှု စစ်မျက်နှာ၏ တိုက်ပွဲခေါ်သံကဗျာဟုလည်း ဆိုနိုင်သည်။

**ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး လူမျိုးအသီးသီးသည် မည်မျှသေးငယ်သည်ဖြစ်စေ၊ မည်မျှ လူဦးရေနည်းပါးသည်ဖြစ်စေ မိမိတို့တွင် ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုရှိခြင်းကို အလွန်ဂုဏ်ယူကြသည်။ အလွန်အားရကျေနပ်ကြသည်။ ကိုယ်ပိုင်ပစ္စည်းကို သုံးစွဲရခြင်းသည် အငှားပစ္စည်း သုံးစွဲရသကဲ့သို့ မျက်နှာမငယ်၊ ဂုဏ်မငယ်၊ မိမိကိုယ်ကို ယုံကြည်စိတ်ချစွာ ခေါင်းမော့ရပ်တည်နိုင်သောကြောင့် ဖြစ်သည်။**



မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကျင်းပသည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲတွင် ပြည်တွင်းဖြစ် အထည်ဒီဇိုင်းသစ်များဖြင့် ကိုယ်ဟန်ပြနေသော မြန်မာအမျိုးသမီးငယ်များအား ဤသို့တွေ့ရသည်။

**"ဣတ္ထိရုပ်ခန္ဓ၊ အဆင်းသည် အမျိုးသမီးတို့၏ နေဥစ္စာဖြစ်သည်"**ဟူသော ဆိုရိုးစကားရှိသည်။ အလှအပသည် မိန်းကလေးတို့၏ အဆင်တန်ဆာ၊ မိန်းကလေးတို့၏ ပစ္စည်းဥစ္စာအစစ်အမှန်ဖြစ်သည်ဟု ဆိုလိုသည်။ မိန်းကလေးများသည် အလှကြိုက်ကြသည်။ အလွန် လှချင်ပချင်သည်။ လှအောင်ပအောင်လည်း ပြင်ဆင်ကြသည်။

**"အငင်မတတ်လျှင် ပန်းလျက်နှင့်မရ၊ အဆင်မတတ်လျှင် ဆန်းလျက်နှင့်မလှ"**ဟူသော စကားကို ကျွန်မတို့ အထက်တန်းကျောင်းသူ ဘဝတုန်းက မြန်မာစာဆရာမကြီး တီချယ်ဒေါ်မာသည် အကြောင်းတိုက်ဆိုင်တိုင်း၊ ကျွန်မတို့ အပျိုပေါက်ကျောင်းသူတွေကို ဆုံးမတိုင်း ပြောလေ့ရှိခဲ့သည်။ မကြာခဏလည်း ကြားရ၍၊ ဆရာမကြီးကိုလည်း ကြောက်ရလွန်း၍ နားထဲစွဲ၊ အသည်းနှလုံးထဲစွဲ ဦးနှောက်ထဲမှလည်း မထွက် ဖြစ်ခဲ့သည်။ ချည်ငင်ရာတွင် အငင်မတတ်ပါလျှင် ပင်ပန်းတာသာ အဖတ်တင်ပြီး ချည်ခင်ကိုမရ၊ ယင်းသို့ပင် အပြင်အဆင်မတတ်ပါလျှင် အဘယ်မျှပင် ဆန်းပြားနေပါသော်လည်း မလှမပဖြစ်ရပါသည်တဲ့။

မိန်းကလေးတိုင်း ဤသဘောကို နားလည်ကြသည်။ သို့သော် လှချင်၍ အလှပြင်၊ အပြင်လွန်၍ ပျက်ကြသည်။ မိမိဝတ်သော အဝတ်၏အဆင်၊ အရောင်အသွေး၊ အသားအနား၊ အဝတ်အစား၏ပုံစံသည် မိမိ၏အသားရောင်၊ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်၊ ရာသီဥတု၊ နေ့ညအချိန်ကာလ၊ သွားမည့်လမ်းခရီး၊ နေရာပွဲလမ်းစသည်တို့နှင့် လိုက်ဖက်မှသာ အဆင်လှအမြင်လှမည် ဖြစ်သည်။

ကျွန်မတို့ မြန်မာအမျိုးသမီးများသည် သာမန်အားဖြင့် အသားညို ကြသည်။ ရှည်လွန်း၊ ပုလွန်းခြင်းမရှိဘဲ အရပ်အနေလည်း သင့်ကြသည်။ ကိုယ်ခန္ဓာ အချိုးအစားလည်း ကျနပြေပြစ်သူများသည်။ ရှိပြီးသားဖြစ်သော ဤပင်ကို သဘာဝကို ပေါ်လွင်အောင် ဝတ်စားဆင်ယင်မှသာလျှင် **"နဂိုရှိသည်များ နဂိုဏ်းထွက်"**လာပါလိမ့်မည်။

ရှေးဦးလူသားများသည် တိရစ္ဆာန်တို့၏ သားရေများကို ချုပ်လုပ်ဝတ်ဆင်ခြင်းဖြင့် ဝတ်စားဆင်ယင်မှုသမိုင်းကို စခဲ့ကြသည်။ ဝတ်ဆင်မှုစတင်ခဲ့ခြင်းသည် ရာသီဥတုဒဏ်ကို ကာကွယ်ရန်အတွက် ဖြစ်သည်။ ယဉ်ကျေးမှုအဆင့်မြင့်လာသောအခါ ဟီရိဩတ္တပ္ပအရှက် အကြောက်ကို သိလာကြပြီဖြစ်၍ အဝတ်အထည်သည် ရာသီဥတုကြောင့်သာ မဟုတ်၊ အရှက်ကိုကာကွယ်ရန်အတွက် ဖြစ်လာသည်။ ယဉ်ကျေးမှု အဆင့် မြင့်သည်ထက် မြင့်လာသောအခါ

တွင်မှု ရာသီဥတုနှင့် အရှက်တရားအတွက်အပြင် အလှအပအဆင်တန်ဆာနှင့် ဂုဏ်သိက္ခာအတွက်ပါ ဝတ်ဆင်လာကြခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးများ၏ ကိုယ်ပိုင်အဝတ်အစားဖြစ်သော မြန်မာထဘီနှင့် မြန်မာအင်္ကျီသည် ပူအိုက်သော မြန်မာရာသီဥတုနှင့်လည်း လိုက်ဖက်ဆီလျော်သည်။ ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်သည်။ အမျိုးသမီးတို့၏ ကိုယ်ခန္ဓာအလှကို လုံခြုံလှပစွာပေါ်လွင်စေသော ပုံစံလည်းရှိသည်။ မြန်မာတို့၏ စိတ်ဓာတ်ယဉ်ကျေးမှုဖြစ်သော ဟီရိဩတ္တပ္ပကို ကောင်းစွာ ထိန်းသိမ်းနိုင်သည်။ ကျက်သရေမင်္ဂလာ ဂုဏ်သိက္ခာနှင့်လည်း ပြည့်စုံတင့်တယ်စေသည်။ ထို့ကြောင့်လည်း မြန်မာအမျိုးသမီးများ၏ဝတ်စုံကို နိုင်ငံခြားသူများစွာက နှစ်သက်ကြသည်။ အရာအထူးကြီးသော၊ ပညာတတ်သော အနောက်တိုင်း၊ အရှေ့တိုင်း နိုင်ငံခြားသူများပင်လျှင် မြန်မာအထည်စများဖြင့် မြန်မာဝတ်စုံချုပ်ကာ အလေးအမြတ်ထား ဝတ်ဆင်ကြသည်ကို တွေ့ကြရသည်။

ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကဲ့သို့ဖြစ်နေပြီဟု ဆိုကြသော Globalization ခေတ်တွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံသည် အလွန်နီးစပ်နေပြီ ဖြစ်သည်။ ကမ္ဘာ့ဒေသ အသီးသီးမှ ဝတ်စားဆင်ယင်မှု အထွေထွေကို Internet, TV တို့မှတစ်ဆင့်လည်း အချိန်နှင့်တစ်ပြေးညီ တွေ့မြင်နေကြရပြီဖြစ်သည်။ နည်းပညာတွင် ရှေ့သို့ ခရီးအလွန်ရောက်နေပြီဖြစ်သောကြောင့် အနောက်ကမ္ဘာသည် အထင်ကြီးစရာ ဖြစ်နေသည်။ အသစ်အဆန်းကို မက်သော၊ အလှအပကို ခုံမင်သော၊ ခေတ်မီခေတ်ဆန်လိုသော၊ ပေါ်ပြူလာဖြစ်ချင်သော လူငယ့်သဘာဝအရ လူငယ်များသည် အနောက်ကမ္ဘာမှ ဝတ်သမျှ၊ စားသမျှ၊ ပေါ်သမျှ၊ ဆန်းသမျှကို အထင်ကြီးသည်။ ဝတ်စား သုံးစွဲလိုကြသည်။ မိမိတို့၏အသားအရောင်၊ အလုံးအရပ်နှင့်မလိုက်ဖက်၊ မိမိတို့ယဉ်ကျေးမှုနှင့် မကိုက်ညီ၊ မိမိလူမှုဝန်းကျင်တွင် ရှက်စဖွယ်ဖြစ်နေသည်များကိုလဲမစဉ်းစားမိကြ။ အဆင်မတတ်သောကြောင့် ဆန်းလျက်နှင့် မလှဖြစ်နေကြသည်။

ဘောင်းဘီတို၊စကတ်တို၊ဘောင်းဘီကျပ်၊အင်္ကျီကျပ်၊ လည်ဟိုက်၊ ဗိုက်ဖော်၊ အင်္ကျီအကွဲ၊ စကတ်အကွဲအမျိုးမျိုးကို ဝယ်ကြချုပ်ကြ ဝတ်ကြသူ အတော်များသည်။ မြန်မာတို့၏ အနှစ်သာရဖြစ်သော ဟီရိဩတ္တပ္ပတရားမရှိသည့် အဝတ်အစားများ ဖြစ်ကြသည်။ မိန်းကလေးတန်ဖိုးမဲ့သွား၊ တန်ဖိုးပျက်သွားစေသည့် အဝတ်အစားများလည်း ဖြစ်သည်။ အလှမက်သော မိန်းကလေးများအတွက် အလှမတက်ဘဲ ဆန့်ကျင်ဘက်လိုင်များကို လှုံ့ဆော်ပေးသော ဘဝပျက်စေသည့် ဝတ်စားဆင်ယင်မှုများလည်း ဖြစ်သည်။

နိုင်ငံရပ်ခြား အထည်အဝတ်မှ၊ နိုင်ငံရပ်ခြားဒီဇိုင်းမှ လှပါသလား၊ ဂုဏ်သိက္ခာရော ရှိပါသလား၊ ကျက်သရေရော ရှိပါသလား။ စဉ်းစားဖွယ်ရာဖြစ်သည်။

ယဉ်လည်းယဉ်၊ လှလည်းလှ၊ ဆန်းလည်းဆန်း၊ ကြော့ကြော့မော့မော့လည်းဖြစ်၊ ဆွဲဆောင်မှုလည်း အလွန်ရှိသော မြန်မာ့ဝတ်စားဆင်ယင်မှု အလှကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာမှ တင်ဆက်သော **"ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ"** မှာ တွေ့မြင်လိုက်ရသည်။

နုပျိုငယ်ရွယ်လှပသော မြန်မာအမျိုးသမီးလေးများသည် မြန်မာပိုးထည်၊ ချည်ထည်၊ မန္တလေးထည်၊ ရွှေတောင်ထည်၊ အင်းလေးထည်၊ ကချင်ထည်၊ ချင်းထည်၊ မွန်ထည်စသော မြန်မာတိုင်းရင်းပြည်တွင်းဖြစ် အဝတ်အထည်များဖြင့် ဒီဇိုင်းလှလှထွင်ကာ ဝတ်ဆင်ပြကြသည်။ ပြည်တွင်းဖြစ် လက်ကိုင်အိတ်ဆန်းဆန်းလှလှလေးများ၊ ပြည်တွင်းဖြစ် ဘော်ကြယ်ထိုး ဖိနပ်ရောင်စုံလေးများဖြင့် လှလည်းလှ၊ ဆန်းလဲဆန်း၊ ချစ်ဖို့လည်းကောင်း၊ ဂုဏ်ကျက်သရေလည်း ရှိလှသည်။ ဒီဇိုင်းနာက သူဒီဇိုင်းဖော်ထားသော မြန်မာဝတ်စုံအလှလေးများကို "မဟူရာမြနန်းနွယ်"၊ "ကြယ်စင်နတ်သမီး"၊ "သစ်ခွလိပ်ပြာ"၊ "မလိခဒေဝီ" "ရွှေတောင်ထိပ်ထား"၊ "ပန်းတွေနဲ့ဝေ" စသည်ဖြင့် ဝတ်စုံနှင့် လိုက်ဖက်သော နာမည်လှလှလေးများ ပေးထားသည်မှာလည်း စိတ်ဝင်စားစရာ ကောင်းလှသည်။

အရှေ့ပိုင်းခရိုင်မှ ယမင်းသက်က "ပင်လယ်ပြာ" ဟုအမည်ပေးထားသော ချည်ပိုးအပြာရောင်တွင် ဆေးပန်းချီရေးခြယ်ထားသည့် ဝတ်စုံကို အပြာရောင် ပုလဲသီ မန္တလေးဖိနပ်လေးဖြင့် တွဲဖက်ဝတ်ဆင် ပြသည်။

ယဉ်ကျေးမှုတက္ကသိုလ်မှ နန္ဒထွေးက "ချင်းစံပယ်" ဟု အမည်ပေးထားသော ချင်းရိုးရာ အနက်ရောင်ချည်ထည်ပေါ်တွင် ပန်းပွင့်များဖြင့် ဒီဇိုင်းဖော်ထားသော ဝတ်စုံကိုအနက်ရောင်တွင် ရွှေရောင်ဘော်ကြယ် ထိုးဖိနပ်ဖြင့် တွဲဖက်ဝတ်ဆင်ခဲ့သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး လူမျိုးအသီးသီးသည် မည်မျှသေးငယ်သည်ဖြစ်စေ၊ မည်မျှ လူဦးရေနည်းပါးသည်ဖြစ်စေ မိမိတို့တွင် ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုရှိခြင်းကို အလွန်ဂုဏ်ယူကြသည်။ အလွန်အားရ ကျေနပ်ကြသည်။ ကိုယ်ပိုင်ပစ္စည်းကို သုံးစွဲရခြင်းသည် အငှားပစ္စည်း သုံးစွဲရသကဲ့သို့ မျက်နှာမငယ်၊ ဂုဏ်မငယ်၊ မိမိကိုယ်ကို ယုံကြည်စိတ်ချစွာ ခေါင်းမော့ရပ်တည်နိုင်သောကြောင့် ဖြစ်သည်။

အနောက်ပိုင်းခရိုင်မှ ဥမ္မာကျော်ထွန်းက "ပန်းတို့သခင်မ"ဟု အမည်ပေးထားသော ချည်ပန်းထိုး ထဘီနက်ပြာရောင်ကို ပန်းရောင်ပိုးပန်းထိုးအင်္ကျီ၊ ပန်းရောင်မန္တလေးဖိနပ်၊ လက်ကိုင်အိတ်များနှင့် တွဲဖက်ဝတ်ဆင်ပြခဲ့သည်။

မဥ္ဇူ၏ "ပန်းနုပျိုမေ"၊ ယမင်းသက်၏ "နီလာ"၊ နွေးယုအောင်၏ "မြနန်းသူဇာ"၊ ထက်ဇာခြည်ဝင်း၏ "တက္ကသိုလ်မေ"၊ ချောသူသူစိုး၏ "ရွှေညာသူ"စသည့် ဝတ်စားဆင်ယင်မှုများအားလုံးသည် ဒီဇိုင်းဆန်း အမြင်ဆန်း အသွင်ဆန်းသော မြန်မာ့အလှကို စွဲမက်ဖွယ် တွေ့မြင်ကြရသည်။

အမျိုးသမီးငယ် ၁၆ယောက်၏ ဝတ်စားဆင်ယင်မှု ပြပွဲတစ်ကြော့ပြီးသွားသောအခါ အမျိုးသမီး ရုပ်ရှင်အနုပညာရှင်များ၏ စင်တင်တေးဂီတဖျော်ဖြေပွဲကို တင်ဆက်သည်။ ဖန်သားပြင်နှင့် ရုပ်ရှင်ပိတ်ကားပေါ်တွင် တွေ့မြင်ပြီး ချစ်နေကြရသော ပြည်သူချစ်သော အနုပညာရှင်များကို တေးသံရှင်များအဖြစ် ပွဲထုတ်သော အစီအစဉ်မှာ နှစ်သက်စရာ ဖြစ်သည်။

အလှဆုံး၊ ဆွဲဆောင်မှုအရှိဆုံး၊ ချစ်စရာအကောင်းဆုံး မြန်မာအမျိုးသမီးများအဖြစ် ရှေ့တန်းသို့ ရောက်နေသော အနုပညာရှင်များသည် တိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်ကာ တိုင်းနှင့်ပြည်နယ်များ၏ အလှကို ဖော်ကျူးထားသည့် တေးသံများကို သီဆိုကြသည်။ ရုပ်ရှင်သရုပ်ဆောင် ချိုပြုံး၊ မေသန်းနု၊ ခိုင်သင်းကြည်၊ မျိုးသန္တာထွန်းတို့၏ တေးသံသာများကိုလည်း နားဆင်ကြရသည်။ ကရင်အမျိုးသမီးလေး မြတ်ကေသီအောင်၊ ချင်းအမျိုးသမီးလေး အိန္ဒြာကျော်ဇင်၊ ရှမ်းအမျိုးသမီးလေး စိုးမြတ်နန္ဒာ၊ ရခိုင်အမျိုးသမီးလေး ရတနာခင်၊ မွန်အမျိုးသမီးလေး မေသဥ္ဇာဦးတို့၏ လှပြီးသားဖြစ်သော မျက်နှာအလှ၊ ကိုယ်နေဟန်ထားအလှ၊ "ပွင့်"၏ ပြင်ဆင်ခြယ်သ အလှများအပြင် တိုင်းရင်းသား ဝတ်စုံအလှများကိုပါ တွဲဖက်ခံစားလိုက်ရသည်။ တေးသံများတွင် စီးမျောရင်း ဆွမ်ပရာဘွမ်သို့လည်း ရောက်ခဲ့သည်။ ကော့သောင်းသို့လည်း သွားလိုက်ရသည်။ ကစ္ဆပနဒီလှိုင်းသံကိုလည်း ကြားလိုက်ရသည်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)က ရှမ်းရိုးရာ လမုံးအကလည်း ကလိုက်ရသည်။ ကရင်ဒုံးယိမ်းတွင်လည်း ပါဝင်ဆင်နွှဲလိုက်ရပါသေးသည်။

အလှကိုလည်းမြင်၊ ဒီဇိုင်းသစ်တွေကိုလည်းမြင်၊ စိတ်ကူးသစ်များလည်း မွေးဖွား၊ ဘဝတစ်သက်တာကို လှလှပပ ကြော့ကြော့မော့မော့ ဂုဏ်သိက္ခာရှိရှိ လှမ်းလျှောက်နိုင်သည့် လမ်းကြောင်းကိုလည်းတွေ့ရ၊ အနုပညာရှင်များ၏ အလှရသကိုလည်း ကြည်နူးစွာ ခံစားရသော ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ **"ဝတ်စားဆင်ယင်မှုပြပွဲ"**သည် မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှု ကဏ္ဍသစ်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့သည်။

မိမိလူမှုဝန်းကျင်က တန်ဖိုးမထားသော၊ ကိုယ့်ယဉ်ကျေးမှုက လက်မခံသော၊ အရှက်နည်းသော ဝတ်စားဆင်ယင်မှုသည် မိန်းမသားဘဝ၏ တန်ဖိုးကို ထိခိုက်စေသည်။ အလှကို မက်သောလူသည် ဂုဏ်သိက္ခာကိုလည်း မက်ရပါမည်။ အလှဂုဏ်၊ ဓနဂုဏ်၊ ပညာဂုဏ်၊ ရာထူးဂုဏ်၊ အများလေးစားသည့် သိက္ခာဂုဏ် မည့်သည့်ဂုဏ်မဆို တန်ဖိုးရှိကြသည်ချည်း ဖြစ်သည်။ တန်ဖိုးရှိသော အရာကို မလိုချင်သောသူမရှိ၊ မည်သူမျှ တန်ဖိုးမရှိသူ မဖြစ်ချင်။

မြန်မာအမျိုးသမီးများ၏ တန်ဖိုးနှင့်ဂုဏ်ရည်ကို လှလှပပ တင်ပြသွားသော ရန်ကုန်တိုင်း အမျိုးသမီးရေးရာကော်မတီ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ကြည့်ရှုရသူတိုင်း ကြည်နူးကျေနပ်ကြမည် ဖြစ်သည်။

ကျွန်မအဖို့မှု မြန်မာအမျိုးသမီးတို့၏ ကိုယ်ပိုင်အလှ၊ မြန်မာ့ဝတ်စားဆင်ယင်မှုအလှ၊ မြန်မာ့ရေမြေအလှ၊ မြန်မာ့တေးသံအလှများကို တွေ့မြင်ခံစားနားဆင်ရင်း မြန်မာအမျိုးသမီးဖြစ်ရသော ဘဝကို အားရကျေနပ်ဂုဏ်ယူမိခဲ့သည်။

ဤသို့ လှလှပပ ရသဂုဏ်ရည်များကို တွေ့မြင်ခံစားနိုင်အောင် ဖန်တီးပေးခဲ့ကြသော မြန်မာနိုင်ငံတစ်လွှားမှ မြန်မာပိုးထည်ချည်ထည် ရက်လုပ်သူ အမျိုးသမီးများ၊ ဒီဇိုင်းနာ Yone Yone၊ ပန်းဇီဇဝါ အဆင့်မြင့် မန္တလေးဖိနပ်လုပ်ငန်းရှင်နှင့် အလှဖန်တီးရှင်များတို့၏ ဖန်တီးမှု စွမ်းရည်ကိုလည်း အားရချီးမွမ်းမိသည်။

နိဂုံးချုပ်အနေဖြင့် ကိုလိုနီခေတ်ဦးက ရုပ်သေးစင်တွင် လက်တန်းရွတ်ဆိုခဲ့သော မောင်းထောင်ဦးကျော်လှ၏" ဝံသာနုအထည်ဘွဲ့" သံချိုတစ်ပိုဒ်ကို ဖော်ပြလိုသည်။

**"ကိုယ့်အဝတ် ကိုယ်ရှိသေလို့**
**မိန်းမတွေ အငြိမ်းမနေစမ်းပါနှင့်**
**ရက်ကန်းမှာ ဗိုင်းဝါအလုပ်ကိုဖြင့်**
**အများတကာကို အားမနာလို့ မဟုတ်ပါဘူး**
**အသွားအလာ ခါးဗလချာ မစုတ်ရအောင်လို့ကွယ်**
**အားထုတ်ဖို့ကောင်း"**

ဟု ဖွဲ့ဆိုခဲ့သည်။

ငယ်ရွယ်နုပျိုသော မြန်မာအမျိုးသမီးငယ်များသည် ကိုယ်ပိုင်အလှကို ကိုယ်ပိုင်အဝတ်အထည် ကိုယ်ပိုင် ပုံစံသစ်များဖြင့် ကြော့ကြော့ယဉ်ယဉ် ဝတ်ဆင်ပြီး ဣန္ဒြေရရဂုဏ်သိက္ခာရှိရှိလှပနိုင်ကြပါစေဟု ဆုတောင်းဆန္ဒပြုလိုက်ပါသည်။ ။

# ဒွါဒသမအကြိမ်(၁၂ကြိမ်)အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဒုတိယနေ့ယှဉ်ပြိုင် အနုသုခုမပညာကိုချစ်ခင်မြတ်နိုးသူပြည်သူများလာရောက်ကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၁၅

**တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှုအန္တရာယ်ကို တားဆီးကာကွယ်နိုင်စေရန် မြန်မာလူမျိုးတို့၏ သမိုင်းအစဉ်အလာကြီးမားမှု၊ မျိုးဂုဏ်ရှိန်ထည်ဝါမှု၊ ယဉ်ကျေးမှုအဆင့်အတန်းရင့်ကျက်မြင့်မားမှုနှင့် သိမ်မွေ့နက်ရှိုင်းသည့် မြန်မာ့ဂုဏ်ရည်များကို မျိုးဆက်သစ်လူငယ်များအတွင်း စိမ့်ဝင်ပျံ့နှံ့နေရန် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးလျက်ရှိသည့် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဒုတိယနေ့ ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ ခမ်းနား သိုက်မြိုက် စည်ကားစွာဖြင့် ယနေ့ဆက်လက်ကျင်းပသည်။**





ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ပရိသတ်များ မဟာဂီတ အဆင့်မြင့်ပညာအဆင့်(ကျား) အဆိုပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မောင်ဇော်ဇော်အောင်၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ယင်းကဲ့သို့ ကျင်းပရာတွင် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်ဘက်စုံခန်းမ၌လည်းကောင်း၊ အကပြိုင်ပွဲကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌လည်းကောင်း၊ အရေးပြိုင်ပွဲကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာကျောင်း၌လည်းကောင်း၊ အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌လည်းကောင်း၊ ဒုံမင်းအတီးပြိုင်ပွဲကို ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌လည်းကောင်း အသီးသီး ကျင်းပကြသည်။

## ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် ဒွါဒသမ အကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲများသို့ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုသုခုမပညာကို ချစ်ခင်လေးစား မြတ်နိုးကြသော ပြည်သူများ တက်ရောက်၍နားသောတဆင်ကြည့်ရှုအားပေးကြသည်။



**ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံပညာ အဆင့် အသက် (၅–၁၀) နှစ် အမျိုးသမီး အကပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ မယဉ်ကျေးဝေ ယှဉ်ပြိုင်စဉ်။**

(မြန်မာ့အလင်း)

## အကဲဖြတ်အမှတ်ပေး

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ အဆိုပြိုင်ပွဲကို နံနက် ၉နာရီ၁၅မိနစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ပြည်လမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပရာ အဆို အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့ အသံနှင့် ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ)ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆို အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ပြိုင်ပွဲကို ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

## အဆိုပြိုင်ပွဲ

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)မဟာဂီတ အဆိုပြိုင်ပွဲကို ကျင်းပရာ မြဝတီမင်းကြီးရေးစပ်သီကုံးခဲ့သည့်**‘သောင်းရွှေလယ်(ယိုးဒယား)’** သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မောင်ဦးမြထွန်း၊ မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်၊ ကချင်ပြည်နယ်မှ မောင်အောင်ကြည်စိုး၊ ရန်ကုန်တိုင်းမှ မောင်ထွန်းထွန်းလင်း၊ မန္တလေးတိုင်းမှ မောင်ကျော်စွာသွင်၊ ရန်ကုန်တိုင်းမှ မောင်အောင်ကိုသက်၊ ပဲခူးတိုင်းမှ မောင်ဇော်ဇော်အောင်၊ တနင်္သာရီတိုင်းမှမောင်ဇော်ထွန်းသောင်းနှင့် ကရင်ပြည်နယ်မှ မြိုင်ကြီးငူစောစိုင်းလင်းအောင်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက် ၁၁နာရီတွင် ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသမီး) မဟာဂီတအဆိုပြိုင်ပွဲကို မွန်းလွဲ၁နာရီတွင် ဆက်လက်ကျင်းပရာ မြဝတီမင်းကြီးရေးစပ်သီကုံးသည့်**‘မှန်ရဝေ (ပတ်ပျိုး)’**သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မဇင်သူမိုး၊ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ ရန်ကုန်တိုင်းမှ မမြတ်ဆုကြည်၊ ရှမ်းပြည်နယ်မှ မမေသက်နွယ်၊ မန္တလေးတိုင်းမှ မငယ်ငယ်စိုး၊ တနင်္သာရီတိုင်းမှ မနိုနိုဇော်ဝင်း၊ ရန်ကုန်တိုင်းမှ မနှင်းအေးအေးဝေ၊ မွန်ပြည်နယ်မှ မအိမွန်သူ၊ ကချင်ပြည်နယ်မှ မကြည်ကြည်ဝါ၊ စစ်ကိုင်းတိုင်းမှ မပြည့်ဖြိုးသူ၊ မကွေးတိုင်းမှ မသန္တာအေး၊ ပဲခူးတိုင်းမှ မချစ်ယု၊ မန္တလေးတိုင်းမှ မနန်းခင်မွှေးနှင့် ဧရာဝတီတိုင်းမှ မဇင်ပြည့်ပြည့်ဖြိုးတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ဒုတိယနေ့ အဆိုပြိုင်ပွဲ အစီအစဉ်များကို ညနေ ၄နာရီတွင် ရပ်နားလိုက်သည်။

အောက်တိုဘာ၁၆ရက် နံနက်ပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်(အမျိုးသား)ဓမ္မပူဇာ တေး အဆိုပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## အကပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိအမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးစိန်အောင်မင်း၊ အတွင်းရေးမှူး ဒေါ်မူမူခင်နှင့် အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) အကပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်နိုင်လင်း၊ မကွေးတိုင်းမှ မောင်သန်းမျိုးထွန်း၊ ရန်ကုန်တိုင်းမှ မောင်ကျော်စွာမျိုး၊ ကယားပြည်နယ်မှ မောင်အောင်နိုင်ဦး၊ မွန်ပြည်နယ်မှ မောင်ဇင်မင်းဦး၊ စစ်ကိုင်းတိုင်းမှ မောင်ရာဇာဝင်း၊ မန္တလေးတိုင်းမှ မောင်နေဖြိုးဇေနှင့် မောင်ဘုဏ်ဝင်း၊ ဧရာဝတီတိုင်းမှ မောင်ဆန်းမင်း၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငူစောစိုင်းလင်းအောင်၊ ရခိုင်ပြည်နယ်မှ မောင်ဇင်ဝင်းနှင့် ရှမ်းပြည်နယ်မှ မောင်မိုးသန်းထက်တို့ ပါဝင်ကပြ ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက် (၅–၁၀)နှစ် (အမျိုးသမီး) အကပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ဆက်လက် ကျင်းပရာ ပဲခူးတိုင်းမှ မသက်သက်အောင်၊ မွန်ပြည်နယ်မှ မအေးမြသန္တာ၊ မန္တလေးတိုင်းမှ မစုပိုပိုအောင်နှင့် မထက်ထက်စံ၊ ကရင်ပြည်နယ်မှ မအိမြတ်မိုးဝေ၊ ရခိုင်ပြည်နယ်မှ မမေသူဝင်း၊ ဧရာဝတီတိုင်းမှ မယဉ်ကျေးဝေ၊ ကချင်ပြည်နယ်မှ မသူဇာဝေ၊ မကွေးတိုင်းမှ မအိမျက်ခြယ်၊ ကယားပြည်နယ်မှ မအေးမြင့်မြတ်ဖြိုး (ခ)မအေးသိမ့်သိမ့်ကျော်၊ ရန်ကုန်တိုင်းမှမကြည်နူးပွင့်၊ ရှမ်းပြည်နယ်မှ မဇော်အိမ့်အိမ့်ပိုး၊ ချင်းပြည်နယ်မှ မဂျူလီယာပန်းဖွေး၊ စစ်ကိုင်းတိုင်းမှ မဆုအိငြိမ်းဇော်နှင့်ရန်ကုန်တိုင်းမှ မအိရွှေဇင်တို့ ပါဝင်ကပြယှဉ်ပြိုင်ကြသည်။

အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဝါသနာရှင်အဆင့်(အမျိုးသား) အကပြိုင်ပွဲကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် (အမျိုးသမီး) အကပြိုင်ပွဲကိုလည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## အရေးပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏အရေးပြိုင်ပွဲကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ပန်တျာကျောင်း၌ ဆက်လက် ကျင်းပသည်။

အခြေခံပညာအဆင့် အသက် (၁၀–၁၅)နှစ် သီချင်းစာသားရေးတေးသွားထည့်အရေးပြိုင်ပွဲတွင် **‘တို့ပြည်ကို တို့ချစ်သည်’**သီချင်းခေါင်းစဉ်ဖြင့် ကချင်ပြည်နယ်မှ မောင်ထက်အောင်လင်း၊ ကယားပြည်နယ်မှ မောင်သက်မှူးခန့်ဖြိုးဝေ၊ မွန်ပြည်နယ်မှ မလဝန်းသော်တာ၊ စစ်ကိုင်းတိုင်းမှ မောင်သိန်းဘိုဘို၊ တနင်္သာရီတိုင်းမှ မောင်ထက်မြင့်အောင်၊ ပဲခူးတိုင်းမှမဟန်နီနီနိုင်၊ မကွေးတိုင်းမှမမေသိမ့်ကျော်၊ မန္တလေးတိုင်းမှမပွင့်ဖြူနှင့်မောင်ထွန်းရာဇာဦး၊ ရန်ကုန်တိုင်းမှ မဆုရွက်ဝေနှင့် မအေးမြတ်သူ၊ ဧရာဝတီတိုင်းမှ မောင်မျိုးမင်းပိုင်တို့ပါဝင်ယှဉ်ပြိုင်ရေးသားကြသည်။

ဝါသနာရှင်အဆင့်သီချင်းစာသားရေး တေးသွားထည့် အရေးပြိုင်ပွဲတွင် **“ညှော့ဝတ်ကျေတာ ပြည်မြန်မာ”** သီချင်းခေါင်းစဉ်ဖြင့် ကချင်ပြည်နယ်မှ မမီမီအောင်၊ ကယားပြည်နယ်မှ ဦးဌေးနိုင်၊ ကရင်ပြည်နယ်မှမြိုင်ကြီးငူဦးစောစံအေး၊ ချင်းပြည်နယ်မှ ဦးဇော်မင်းလတ်၊မွန်ပြည်နယ်မှတက္ကသိုလ်အေးကို၊ ရခိုင်ပြည်နယ်မှ မောင်သောင်းမြင့်ထွန်း၊ ရှမ်းပြည်နယ်မှ ဦးလှကြိုင်၊ စစ်ကိုင်းတိုင်းမှ ဒေါ်ပေါက်ပေါက်သိန်း၊ ပဲခူးတိုင်းမှ ဦးခင်မောင်ဇော်၊ မကွေးတိုင်းမှ ဦးအေးချို၊ မန္တလေးတိုင်းမှ မောင်ကောင်းထက်ကျော်နှင့် ဦးမြင့်မျိုး၊ ရန်ကုန်တိုင်းမှ ဦးမိုးကျော်အောင်နှင့်ဒေါ်မူမူဆွေ၊ ဧရာဝတီတိုင်းမှ ဦးဇော်လွင်ဦးတို့ပါဝင်ယှဉ်ပြိုင်ရေးသားကြသည်။

သီချင်းစာသားရေး တေးသွားထည့် အရေးပြိုင်ပွဲကို အရေးအမှတ်ပေး အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌဘိုကလေး ဦးတင့်အောင်နှင့် အဖွဲ့ဝင်များက ကြပ်မတ်ဆောင်ရွက်ပေးကြသည်။

အောက်တိုဘာ ၁၆ရက်တွင် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ်နှင့် ပညာရှင်အဆင့် သီချင်းစာသားရေး တေးသွားထည့် အရေးပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## အတီးပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။



**ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၁၅–၂၀) အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မနုနုလွင် ယှဉ်ပြိုင်နေစဉ်။**

(သတင်းစဉ်)

ရှေးဦးစွာ ပညာရှင်အဆင့် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲ၌ **‘သပြေပင်ဝန်း(ကြိုး)’** သီချင်းဖြင့် ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်နှင့် မန္တလေးတိုင်းမှ ဒေါ်ခင်သိမ်းအေးတို့ ပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် အခြေခံပညာအဆင့် အသက် (၁၅–၂၀)နှစ် (အမျိုးသမီး) ဆိုင်း (တစ်ဦးချင်း) ပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ **‘ထွန်းလင်းလျှံလက်(ပတ်ပျိုး)’**သီချင်းဖြင့် ရန်ကုန်တိုင်းမှ မဝင့်သဉ္ဇာစတင်း၊ ဧရာဝတီတိုင်းမှမယုစန္ဒာဝင်း၊မန္တလေးတိုင်းမှ မနုနုလွင်နှင့် ရန်ကုန်တိုင်းမှ မဇာဇာလင်း (ခ) ပေါက်ကျော်မတို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်(အမျိုးသမီး)ဆိုင်း (တစ်ဦးချင်း) ပြိုင်ပွဲတွင် **‘ထွေတလာ (ကြိုး)’** သီချင်းဖြင့် ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်၊ မန္တလေးတိုင်းမှ မစံပယ်ဖွေး၊ဧရာဝတီတိုင်းမှမဇာဇာစိုး၊ ရန်ကုန်တိုင်းမှ မချစ်စုဝေစတင်း၊ ပဲခူးတိုင်းမှ မသဉ္ဇာသန်းနွယ်၊ မန္တလေးတိုင်းမှ မခင်ချိုဝင်း၊ ကချင်ပြည်နယ်မှ မကြည်ကြည်သာနှင့် စစ်ကိုင်းတိုင်းမှ မဖြူနှင်းခိုင်တို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ပြိုင်ပွဲဝင်ကြသည့် ပညာရှင်အဆင့်(အမျိုးသမီး) ဆိုင်းတစ်ဦးချင်းနှင့် အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ်နှင့် (၅–၁၀)နှစ် ပြိုင်ပွဲများကို ဦးစိန်လှမြိုင်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ အမှတ်ပေးကြသည်။

အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် ပညာရှင်အဆင့် (အမျိုးသား) ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက် (၁၅–၂၀)နှစ် (အမျိုးသား) ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

## ဒုံမင်းအတီးပြိုင်ပွဲ

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲ၏ ဒုံမင်းအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (အမျိုးသား) ဒုံမင်းအတီးပြိုင်ပွဲတွင် **‘အောင်ခြင်းရှစ်ပါး(ကာလပေါ်)’**သီချင်းခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းမှ ဦးတင်ဝင်း၊ စစ်ကိုင်းတိုင်းမှ ဦးကျော်ဆွေ၊ မကွေးတိုင်းမှ ဦးပေါ်လာ၊ မွန်ပြည်နယ်မှ ဦးခင်စိုး၊ ကယားပြည်နယ်မှ ဦးလှိုင်တင့်ဆွေ၊ ရန်ကုန်တိုင်းမှ

***စာမျက်နှာ ၁၂ ကော်လံ ၁ သို့***



# ရာမာယဏဇာတ်တော်ကြီး ပြိုင်ပွဲစတင်ကျင်းပ မကွေးတိုင်းကိုယ်စားပြုဇာတ်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များ မကွေးတိုင်းကိုယ်စားပြု ဦးအောင်သူ ခေါင်းဆောင်သည့် ဇာတ်အဖွဲ့၏ ရာမာယဏဇာတ်တော်ကြီး ယှဉ်ပြိုင်တင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၁၅

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ရာမာယဏဇာတ်တော်ကြီး ပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ စတင်ကျင်းပရာ မကွေးတိုင်းကိုယ်စားပြု ဦးအောင်သူခေါင်းဆောင်သည့် ဇာတ်အဖွဲ့က ပွဲဦးထွက် ယှဉ်ပြိုင်တင်ဆက်သည်။

**ကြည့်ရှုအားပေး**

ယှဉ်ပြိုင်တင်ဆက်ပွဲသို့ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ နာယကအဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ကော်မတီဝင်များ၊ စာပေ၊ ဂီတ၊ သဘင်ပညာရှင်ကြီးများ၊ ဇာတ်တော်ကြီးအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးချစ်ဦးညိုနှင့်အဖွဲ့ဝင်များ၊ အနုသုခုမပညာကို ချစ်ခင်လေးစားမြတ်နိုးသော ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အောက်တိုဘာ ၁၆ရက် ည၇နာရီတွင် ရန်ကုန်တိုင်းကိုယ်စားပြု သီရိရာမဇာတ်အဖွဲ့က ရာမာယဏဇာတ်တော်ကြီးကို ယှဉ်ပြိုင်တင်ဆက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

## ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စည်းရုံးလှုံ့ဆော် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ရေး အတွက် စေတနာရှင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းက ငွေကျပ် ၁၅၄၅၀၀တန်ဖိုးရှိ သုတစာအုပ်မျိုးစုံ ၃၀၉ အုပ်ကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်ရှိ ဧည့်ခန်းမ၌ လာရောက်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ စာအုပ်များကို မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သဒ္ဓမ္မရံသီရိပ်သာနှင့် ရိပ်သာခွဲများ ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကြမည်

ရန်ကုန် အောက်တိုဘာ ၁၅

အင်းတိုင် ခိပ္ပါဘိညာသဒ္ဓမ္မရံသီ ရိပ်သာကထိန်ကို အောက်တိုဘာ ၃၁ ရက်တွင်လည်းကောင်း၊ မရမ်းကုန်း သဒ္ဓမ္မရံသီရိပ်သာကြီး ကထိန်ကို နိုဝင်ဘာ ၇ရက်တွင်လည်းကောင်း၊ ကျောက်ကုန်း သုခါပဋိပဒါသဒ္ဓမ္မရံသီ ရိပ်သာ ကထိန်ကို နိုဝင်ဘာ ၁၃ရက်တွင်လည်းကောင်း၊ ကျောက်ရေတွင်း မဇ္ဈိမပဋိပဒါ သဒ္ဓမ္မရံသီရိပ်သာ ကထိန်ကို နိုဝင်ဘာ ၁၄ရက်တွင် လည်းကောင်း ကျင်းပမည်ဖြစ်သည်။ အဆိုပါ နေ့များတွင် နံနက် ၈နာရီမှစ၍ သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ကိုယ်တိုင် အရန်သင်္ကန်းများ အကပ်ခံမည်ဖြစ်သည်။

ကထိန် ဥတ်သင်္ကန်းကြီးကို အင်းတိုင်၊ ကျောက်ကုန်းနှင့် ကျောက်ရေတွင်းရိပ်သာများ၌ နံနက်ပိုင်းတွင်လည်းကောင်း၊ မရမ်းကုန်းရိပ်သာကြီးတွင် မွန်းလွဲ၁နာရီ၌လည်းကောင်း ကပ်လှူကြမည်ဖြစ်သည်။ ဥတ်သင်္ကန်းကြီးကပ်လှူပြီးချိန်တွင် ကျေးဇူးတော်ရှင် ဆရာတော်က ကထိန်အနုမောဒနာတရား ဟောကြားမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၅

သျှရီသျှရီစန္ဒီမယ်တော် ဘုရားကျောင်း ဂေါပကအဖွဲ့က ကြီးမှူး၍ နှစ်စဉ် ကျင်းပမြဲဖြစ်သော သျှရီသျှရီစန္ဒီမယ်တော်ပူဇော်ပွဲကို ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် အမှတ်(၃၀၇) ဗိုလ်အောင်ကျော်လမ်းတွင် အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ စည်ကားသိုက်မြိုက်စွာဖြင့် ဆင်ယင်ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသည့် စေတနာရှင်များနှင့် အလှူရှင်များ ပွဲတော်ကျင်းပရေးကော်မတီ စန္ဒီမယ်တော်ဘုရားကျောင်းသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

*စာမျက်နှာ ၁၁ မှ*

ဦးမင်းရဲထွန်း၊ ပဲခူးတိုင်းမှ ဦးစိန်တင်အောင်၊ ဧရာဝတီတိုင်းမှ ဦးမြင့်စိုး၊ ကရင်ပြည်နယ်မှဦးကျင်ထွန်း၊မန္တလေးတိုင်းမှ ဦးဝင်းဌေးနှင့်ဦးတင်ရှိန်၊ ရခိုင်ပြည်နယ်မှ ဦးသောင်းမြင့်ထွန်းနှင့် ရှမ်းပြည်နယ်မှ ဦးလုကြိုင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား)၊ (အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင် **'တောင်တောသာယာ'**(ယိုးဒယား) သီချင်းခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းမှ မောင်ထူးအောင်နှင့် မောင်သက်လွင်အောင်ထွန်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား)ဒုံမင်းအတီးပြိုင်ပွဲတွင် **'ထံတျာတေရှင်'**(ကြိုး) သီချင်းခေါင်းစဉ်ဖြင့် ပဲခူးတိုင်းမှ မောင်အောင်ကျော်မြင့်နှင့် ရန်ကုန်တိုင်းမှ မောင်စံရွှေမြတ်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး)ဒုံမင်းအတီးပြိုင်ပွဲတွင် **'ထံတျာတေရှင်'**(ကြိုး) သီချင်းခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းမှ မနန်းကြာညိုကျော်၊ မန္တလေးတိုင်းမှ မအိအိချောနှင့် ရန်ကုန်တိုင်းမှ မဇင်မာဝင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဒုံမင်းအတီးပြိုင်ပွဲကို အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဂီတလုလင် ဦးကိုကိုနှင့် အဖွဲ့ဝင်များက ကြပ်မတ်ဆောင်ရွက်ပေးကြသည်။

**ဆက်လက်ကျင်းပမည်**

အောက်တိုဘာ ၁၆ ရက်တွင် ပညာရှင်အဆင့်(အမျိုးသား)၊ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား)၊ (အမျိုးသမီး) တယောပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## နှစ်တစ်ရာပြည့် ဝိနည်းရေးဖြေ အာဂုံစာပြန်ပွဲ အလှူငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၅

ရွှေကျင် နိကာယဝိနယာနုဂ္ဂဟ အသင်း(မွန်ပြည်နယ်၊ကရင်ပြည်နယ်)က ကြီးမှူးကျင်းပသော နှစ်တစ်ရာပြည့် ဝိနည်းရေးဖြေ၊ အာဂုံစာပြန်ပွဲတော်အထိမ်းအမှတ် တတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ရက်တွင် မော်လမြိုင်မြို့ မောင်ငံရပ်ရှိ မဟာမြိုင်စာသင်တိုက်၌ ကျင်းပရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းနေ သီဟသုခမ္မမဏိဇောတရေ ဦးချူသန်း-ဒေါ်ဝင်းကြည်မိသားစုက ကွန်ပျူတာတစ်စုံ အပါအဝင် ငွေကျပ်၁၇သိန်း၊ အလှူရှင်အသီးသီး၏ လှူဒါန်းငွေ ကျပ် ၃၈သိန်း စုစုပေါင်း ၅၅သိန်းကို ပေးအပ်လှူဒါန်းကြပြီး နှစ်တစ်ရာပြည့်ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းနောင်နှင့် ကော်မတီဝင်များက လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

နှစ်တစ်ရာပြည့် ဝိနည်းရေးဖြေ၊ အာဂုံစာပြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ၂၈ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျောက်ဆည်အသင်း(ရန်ကုန်) ဆင်အကအလှပြိုင်ပွဲနှင့်ပညာရည်ချွန်ဆုများချီးမြှင့်မည်

ရန်ကုန် အောက်တိုဘာ ၁၅

ကျောက်ဆည်အသင်း(ရန်ကုန်)၏ အမှုဆောင်အစည်းအဝေးကို ယမန်နေ့က တာမွေမြို့နယ် မေတ္တာညွန့်ဈေးအနီးရှိ အသင်းတိုက်၌ကျင်းပသည်။ အစည်းအဝေး ဆုံးဖြတ်ချက်အရ ကျောက်ဆည်အသင်း (ရန်ကုန်)က အောက်တိုဘာ၂၇ရက် (သီတင်းကျွတ်လဆန်း၁၄ရက်)တွင် ကျောက်ဆည် ဆင်အကအလှပြိုင်ပွဲမှ အကောင်းဆုံးဆင်များအား ဆုချီးမြှင့်မည့်အပြင် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ကမ္ဘောဇဘဏ်လီမိတက်၏ ပံ့ပိုးကူညီမှုဖြင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်ဖြစ်သည်။

ထို့ပြင် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ရန်ကုန်မြို့နေ အသင်းဝင်များ၏ သားသမီးများကိုလည်း ရန်ကုန်မြို့တွင် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ရာ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် လှူဒါန်းလိုသော စေတနာရှင်များသည် အောက်တိုဘာ ၃၀ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးခင်မောင်ထွန်း (ရဲမှူးကြီး-ငြိမ်း)ဖုန်း-၀၉-၈၉-၂၆၄၄၃၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်လွင် ဖုန်း-၅၇၃၃၇၂၊ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) ဖုန်း-၆၃၅၂၆၂၊ အတွင်းရေးမှူး ဦးကျော်မြအောင် ဖုန်း-၆၈၀၆၅၁၊ ဦးအောင်စိုးလွင် ဖုန်း- ၅၄၀၀၄၉၊ ဦးခင်မောင်မြင့် ဖုန်း-၆၆၆၄၇၈ နှင့် ဒေါ်ခင်မျိုးသန့် ဖုန်း-၆၆၄၆၂၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၁)ဖြန့်ချိ



ရန်ကုန် အောက်တိုဘာ ၁၅

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊ အမှတ် (၁၁)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါဂျာနယ်တွင် သျှင်ပညာဇောတ၊ ညွန့်ဟံ(ကြူတော)၊ ဘိုဌေး(တနင်္သာရီ)၊ မင်းသွေးနွယ်(ဇီးကုန်း)၊ ရည်မွန်အောင် (ပြည်တက္ကသိုလ်)၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ သိပ္ပံမင်းလွင်၊ ဒေါက်တာ မြင့်သန်း(ညောင်လေးပင်)၊ မောင်ကျန်းမာ(မကြီးကုန်းကြီး)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ သူရိန်ဝင်း၊ ဝါဝါစန်း(ပညာရေး)၊ မရွှေမှုံ၊ အောင်ကျော်ဖြိုးတို့၏ ဖတ်ဖွယ်မှတ်ဖွယ် ဆောင်းပါးများ၊ တက္ကသိုလ်မြတ်သူ၊ မောင်မြတ်မွန်(မြို့သစ်)တို့၏ကဗျာများ၊ အင်္ဂလိပ်စကားပြော၊ ကုန်ဈေးနှုန်း၊ မိုးလေဝသသတင်းများ၊ ဗေဒင်၊ စိုက်ပျိုးရေး မွေးမြူရေး၊ တိုင်းရင်းဆေးကဏ္ဍများ စုံလင်စွာ ဖော်ပြပါရှိသည်။ စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို တင်စိုးစာပေ၊ ဆင်တောင်ကြီးစာပေ၊ သတင်းနှင့်စာနယ်ဇင်းအရောင်းဆိုင်၊ စာပေဗိမာန်အရောင်းဆိုင် တို့တွင် ဝယ်ယူနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

## မိုးဆက်လက် ထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၁၅

**ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ယနေ့နံနက်မှ နောက်၄၈နာရီအတွင်း မိုးဆက်လက်ထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်း ထုတ်ပြန်ထားသည်။**


## သတိ

၁။ ဖြောက်အိုးဖောက်ခြင်းဖြင့် ပြည်သူအများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုးဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက-

(က) ဖြောက်အိုးဖောက်လျှင် ထောင်ဒဏ်(၃)နှစ်။

(ခ) ဖြောက်အိုးရောင်းလျှင်၊ ဖြောက်အိုးထုတ်လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**



# ပြည်နယ်နှင့်တိုင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၁၅

**၂၀၀၄ ခုနှစ် (၃၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယမန်နေ့နံနက်ပိုင်းက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးသည်။**

## အမျိုးသမီး

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ အမျိုးသမီးပြိုင်ပွဲ၌ ဆုရရှိကြသော အသင်းများအား ဆုချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင် ဒေါ်အယ်လ်ခွန်းရီက ပူးတွဲတတိယဆုရ စစ်ကိုင်းတိုင်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေး ကျပ်ခုနစ်သောင်းငါးထောင်ကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်ခင်ညွန့်မြိုင်က ပူးတွဲ တတိယဆုရ မန္တလေးတိုင်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေး ကျပ်ခုနစ်သောင်းငါးထောင်ကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်ခင်မြနွယ်က ဒုတိယဆုရ မွန်ပြည်နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေး ကျပ်တစ်သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အထွေထွေအတွင်းရေးမှူး ဒေါ်အေးအေးက ပထမဆုရ ရန်ကုန်တိုင်း အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဆုကြေး ကျပ်တစ်သိန်းငါးသောင်းကိုလည်းကောင်း အသီးသီးပေးအပ် ချီးမြှင့်သည်။

## အမျိုးသား

ယင်းနောက် အမျိုးသားပြိုင်ပွဲ၌ ဆုရရှိကြသောအသင်းများအား ဆုများ ချီးမြှင့်ရာ မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က ပူးတွဲတတိယဆုရ စစ်ကိုင်းတိုင်း အသင်းအားလည်းကောင်း၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယ ဗိုလ်မှူးကြီးမောင်ကိုက ပူးတွဲတတိယ ဆုရ မွန်ပြည်နယ်အသင်းအား လည်းကောင်း၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ဒုတိယဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းအား လည်းကောင်း၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ပထမဆုရ ရန်ကုန်တိုင်းအသင်း အားလည်းကောင်း အသီးသီး ပေးအပ် ချီးမြှင့်သည်။

## ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အကောင်းဆုံး အားကစားသမားဆုရရှိကြသော အမျိုးသမီး စောစန္ဒာ (ရန်ကုန်)နှင့် အမျိုးသား ဇော်ထွန်းနိုင် (ရန်ကုန်)တို့ကို ဆုတံဆိပ်နှင့် ငွေကျပ်တစ်သောင်းစီ ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပထမဆုရရှိကြသော ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီး အသင်းတို့ကို တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ) (မြန်မာ့အလင်း)**





**မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၄**

အောက်တိုဘာ (၂၂) ရက်မှ (၂၆) ရက်

တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း

ရန်ကုန်မြို့။


# စွယ်တော်မြတ်စေတီတော်(ရန်ကုန်) အဘိဓမ္မာအခါတော်နေ့ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)ဂန္ဓကုဋိတိုက်အတွင်း၌ ၁၃၆၆ ခုနှစ် သီတင်းကျွတ်လပြည့်(အောက်တိုဘာ ၂၈ ရက်) နံနက် ၉ နာရီတွင် သတ္တမအကြိမ် အဘိဓမ္မာ အခါတော်နေ့ အခမ်းအနားကို စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဂေါပကအဖွဲ့က ကြီးမှူး၍ ကျင်းပပူဇော်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်း ဗိုလ်လုပွဲတက်

**ရန်ကုန် အောက်တိုဘာ ၁၅**

၂၀၀၄ ခုနှစ် အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပသည်။

ပထမအကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းကသုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းတို့သည် အောက်တိုဘာ ၁၆ရက် **(ယနေ့)** ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(သတင်းစဉ်)**





# ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန ပိုက်ကျော်ခြင်းပြိုင်

ရန်ကုန် အောက်တိုဘာ ၁၅

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပထမအကြိမ် ဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)**

## အလှူငွေပေးအပ်

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပိုက်ကျော်ခြင်း ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီက မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်သို့ အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်က လက်ခံရယူသည်။

## ဂုဏ်ပြုဆုငွေ

ဆက်လက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့ရိုးရာ ခြင်းလုံးလက်ရွေးစင်အဖွဲ့က အလှခတ် ဖျော်ဖြေကြပြီး အဆိုပါဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့ရိုးရာ ခြင်းလုံးလက်ရွေးစင်အဖွဲ့အား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲကို အောက်တိုဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်းဖြန့်ချိ




**ရန်ကုန် အောက်တိုဘာ ၁၅**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာ အဖွဲ့မှ ထုတ်ဝေသည့် မြန်မာ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၁၅)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါမဂ္ဂဇင်းတွင် ဦးပညာဇောတ (ဓမ္မာစရိယ)၊ မင်းယုဝေ၊ မြင်းမှုမောင်နိုင်မိုး၊ ကေတုနီလာ၊ မောင်တင်ထွန်း(ကံသာလေး)၊ မောင်စိုးထိုက် (သုံးဆယ်)၊ ခင်သစ္စာကျော် (မဟာဝိဇ္ဇာ)၊ မောင်ထည်ဝါ (ပျော်ဘွယ်)၊ ဦးထွန်းထွန်းဦး၊ ဝတ်ရည်တို့၏ ကဗျာများ၊ တက္ကသိုလ်မြတ်သူ၊ တက္ကသိုလ်တင်ခ၊မောင်ဆုရှင်၊ အောင်စည်ဟိန်း၊ ချစ်နိုင်(စိတ်ပညာ)၊ ဦးတင်ရှိန်၊ မောင်မောင်ဟန် (မကွေး)၊ နန္ဒာမိုးကြယ်၊မော်တောင်ဆရာတော်(မြိတ်)၊ သူရိန်ဝင်း(ဇီးကုန်း)၊ညွန့်ဟံ(ကြူတော)၊ မွေးနံ့သာ (မဟာသိပ္ပံ)၊ ခင်ဇ(စက်မှု)၊ မိုးထက်မောင်မောင်၊ နီငြိမ်း (အညာတက္ကသိုလ်)၊ ဒေါက်တာကျော်စိန်၊ တက္ကသိုလ်လှကြွယ်၊ စိမ်းမြရည် (ပြန်/ဆက်)၊ လယ်တွင်းသားစောချစ်၊ စမ်းနီလာဝင်း၊ အောင်စိုး (တိရစ္ဆာန်ဆေးကု ဆရာဝန်)၊ ဂီတစာဆို မောင်မျိုးသူ၊ ဓာတ်ပုံမောင်မောင်၊ မကြွယ်ကြွယ်၊ မွေးငယ်ငယ်၊ မောင်မောင်အုန်း (လယ်ဝေး)၊ ဦးကလျာဏ (သရက်တော)၊ မြတ်ရည်မွန်၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်) တို့၏ မှတ်ဖွယ်ဆောင်းပါး၊ ရသမြောက်ဝတ္ထုများ၊ ငွေကြည်၊ သစ်ထွဏ်း၊ တင်အောင်နီ၊ မြေဇာ၊ မောင်ဝဏ္ဏတို့၏ ကာတွန်းလက်ရာများ စုံလင်စွာ ဖော်ပြပါရှိသည်။ မဂ္ဂဇင်းများကို သတင်းနှင့်စာနယ်ဇင်း အရောင်းဆိုင်၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေတို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# အကျဉ်းဦးစီးဌာနဘော်လီဘောပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၅**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားနှင့် ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ၁၂ရက် ညနေ၃နာရီက အင်းစိန်မြို့ အကျဉ်းဦးစီးဌာန ကန်သာယာအားကစားကွင်း၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးကျော်ထွန်းနှင့် ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝန်ထမ်းများနှင့် မိသားစုများ တက်ရောက် အားပေးချီးမြှင့်သည်။

ပြိုင်ပွဲသို့ အကျဉ်းဦးစီးဌာန ပြည်နယ်နှင့်တိုင်း ထောင်အုပ်စုများမှ အမျိုးသား လေးသင်း၊ အမျိုးသမီးနှစ်သင်း ပါဝင်ယှဉ်ပြိုင်ပြီး ဆုရအသင်းများအား ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

# ယာဉ်မောင်းသူများလိုက်နာရန်

ရန်ကုန်မြို့တော်အတွင်း မောင်းနှင်သွားလာလျက်ရှိသော ယာဉ်မောင်းသူများသည် လူကူးမျဉ်းကျားမရောက်မီ ယာဉ်ကို အရှိန်လျှော့မောင်းနှင်ရန်နှင့် မီးပွိုင့်လမ်းဆုံများအနီးအရောက်တွင်လည်း ယာဉ်ကို အရှိန်လျှော့ မောင်းနှင်ရန် လိုအပ်သည်။ လူကူးမျဉ်းကျားတွင် လမ်းကူးနေသူများ မီးပွိုင့်ဧရိယာအတွင်း လူကူးရန် သတ်မှတ်ထားသည့်နေရာများတွင် လမ်းကူးနေသူများရှိပါက ယာဉ်ရပ်တန့်ပေးကြရန်နှင့် ရပ်တန့်မပေးဘဲ အတင်းမောင်းဝင်၍ ယာဉ်တိုက်မှုဖြစ်ပွားလာပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**



# ပင်းတယမြို့နယ်တွင် ပညာဂုဏ်ရည် စာကြည့်တိုက်ဖွင့်

**ပင်းတယ အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် မဲနယ်တောင်ကျေးရွာအုပ်စု လင်းလေအင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာဂုဏ်ရည်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်ကြည်၊ ဦးခွန်ကျော်လှနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစံရွှေတို့က စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက်ဦးစီးမှူး ဦးမောင်ကြည်က စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းရာ ဦးခွန်ကျော်လှက ငွေကျပ်ငါးသောင်းတန်ဖိုးရှိ စာအုပ်မျိုးစုံ ၁၉၀နှင့် တိုင်ကပ်နာရီတစ်လုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မဂ္ဂဇင်းမျိုးစုံ ၅၀တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးစံရွှေက လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**

# ညောင်ဦးမြို့နယ် ထီးပုကျေးရွာ အသိပညာ စာကြည့်တိုက်ဖွင့် သုတ၊ ရသ၊ မဂ္ဂဇင်းနှင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ညောင်ဦး အောက်တိုဘာ ၁၀

**ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ညောင်ဦးမြို့နယ် ထီးပုကျေးရွာ ကိုယ့်အားကိုယ်ကိုး အသိပညာစာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်များပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၇ရက်က ထီးပုကျေးရွာ အမကကျောင်းခန်းမ၌ ကျင်းပရာ ကျေးရွာဥက္ကဋ္ဌဦးကျော်ရွှေ၊ ညောင်ဦးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတိုးတက်မှုအုပ်စုကော်မတီဥက္ကဋ္ဌ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)**

ထို့နောက် ထီးပုကျေးရွာ ဥက္ကဋ္ဌဦးကျော်ရွှေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တိုးတက်မှုအုပ်စုကော်မတီဥက္ကဋ္ဌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မြလွင် တို့က ထီးပုကျေးရွာ အသိပညာ စာကြည့်တိုက်အတွက် သုတ၊ ရသ၊ မဂ္ဂဇင်းနှင့် စာအုပ်မျိုးစုံ တို့ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးကျော်ရွှေက လက်ခံရယူသည်။

**(ခရိုင် ပြန်/ဆက်)**





## ဖွင့်လှစ်

**တောင်တွင်းကြီးမြို့နယ် ဇီးတောအုပ်စု ရွာသာ ကျေးရွာကိုယ့်အားကိုယ်ကိုး ကျေးလက်လမ်းပြကြယ်စာကြည့်တိုက် ဖွင့်ပွဲကို စက်တင်ဘာ ၂၇ရက်က ကျင်းပရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးအေးဖေနှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးဘိုရီ တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

## ကျေးလက်သတင်းနှင့် မြင်ကွင်း

# ပညာပဒေသာဌာနနှင့် စာကြည့်တိုက်သို့ သုတ၊ ရသနှင့် အထူးထုတ်စာအုပ်များ လှူဒါန်း

**ကန့်ဘလူ အောက်တိုဘာ ၂**

ရွှေဘိုခရိုင် ကန့်ဘလူမြို့ အမှတ် (၂ )ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရပ်ရွာပညာပဒေသာဌာနနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ သုတ၊ ရသနှင့် အထူးထုတ်စာအုပ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက်က အမှတ်(၂) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၂)ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်မြင့်လေးနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ စာကြည့်တိုက် အမှုဆောင်များ တက်ရောက်ကြပြီး ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)က ပေးပို့လှူဒါန်းသော သုတ၊ ရသနှင့် တက္ကသိုလ်ဝင်တန်းအတွက် အထူးထုတ်စာအုပ်များကို အဖွဲ့ဝင်ဦးသန်းမောင်က ပေးအပ်လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်မြင့်လေးက လက်ခံရယူသည်။

**(အောက်ပုံ) (ဝ၅၆)**



**စက်တင်ဘာ ၅ရက်က တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျေးရွာ ဥက္ကဋ္ဌ ဦးသန်းငွေက ကိုးနှစ်ဆက်တိုက် ပထမဆုရ မအေးအေးဝင်းအား ထူးချွန်ဆုချီးမြှင့်စဉ်။** (၂၆၆)



# e- Education Learning Centre

## သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

## မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

**၁၈-၁၀-၂၀၀၄ (တနင်္လာနေ့)**

- ❑ Teaching Listening Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- Developing Speaking Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- Developing Reading Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

**၁၉-၁၀-၂၀၀၄ (အင်္ဂါနေ့)**

- ❑ Developing Writing Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Integrated Skills
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

**၂၀-၁၀-၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

- ❑ Describing Places
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Talking About Families
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Expressing Likes and Dislikes
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Asking for and Giving Direction
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Making Offers and Request I+II
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

**၂၁-၁၀-၂၀၀၄ (ကြာသပတေးနေ့)**

- ❑ Making Suggestions
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Making Comparison
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Talking About Past Habits
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Talking About Future Plans and Intentions
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Talking About Leisure Activities
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Making Deduction Present and Past
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Teaching Grammar
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

**၂၂-၁၀-၂၀၀၄ (သောကြာနေ့)**

- ❑ English for Effective Presentation
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

**နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ**

**၂၃-၁၀-၂၀၀၄ (စနေနေ့)**

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

**၂၄-၁၀-၂၀၀၄ (တနင်္ဂနွေနေ့)**

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

# ဗလငါးတန် ဖွံ့ ဖြိုး ဖို့ စာအုပ်စာပေ လေ့လာစို့။

## အမျိုးသမီး၊ အမျိုးသား တာဝေးအပြေးပြိုင်ပွဲ မြစ်ကြီးနား၌ကျင်းပ

မြစ်ကြီးနား အောက်တိုဘာ ၈

**မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် ကချင်ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကချင်ပြည်နယ် ၁၅ကီလိုမီတာ အမျိုးသား၊ အမျိုးသမီး တာဝေးအပြေးပြိုင်ပွဲကို စက်တင်ဘာ ၂၆ရက်က မြစ်ကြီးနားမြို့နယ် ငြိမ်းချမ်းသာယာ အားကစားပြိုင်ကွင်းရှေ့ တာလွှတ်စုရပ်တွင် ကျင်းပသည်။**

အခမ်းအနားတွင် ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဗိုလ်မှူးကြီးဇော်ထွန်းက သေနတ်ဖောက်ကာ တာလွှတ်၍ ပြိုင်ပွဲဖွင့်လှစ်ရာ ပြိုင်ပွဲဝင် အားကစားသမားများက မြစ်ကြီးနား ဆွန်ပရာဘွမ်လမ်းမကြီးအတိုင်း ဧရာဝတီမြစ်ကူးတံတားထိပ်မှ ပြည်နယ်အားကစားကွင်း ပန်းဝင် သတ်မှတ်နေရာသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ဆုချီးမြှင့်ပွဲကို ပြည်နယ်အားကစားပြိုင်ကွင်းတွင် ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ မိုးညှင်းမြို့နယ်မှ မျိုးဇော်အား တိုင်းမှူးဗိုလ်ချုပ် မောင်မောင်ဆွေကငွေသားဆုကျပ်တစ်သိန်းနှင့် ဆုဖလားကို ပေးအပ်ပြီး အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ မြစ်ကြီးနားမြို့ ဇီးလွန် အခြေခံပညာအထက်တန်းကျောင်းမှ မဘောမ်ချမ်းအား ကချင်ပြည်နယ် အမျိုးသမီးအားကစားကော်မတီနာယက ဒေါ်တင်တင်နွဲ့က ငွေသားကျပ်တစ်သိန်းနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

## ညောင်တုန်း သဟာပုညကာရီအသင်း စာရေးတံမဲ သပိတ်လုံး ဆွမ်းလောင်းလှူပွဲ

**ညောင်တုန်း အောက်တိုဘာ ၁၃**

ညောင်တုန်းမြို့တွင် သဟာပုညကာရီ ဆွမ်းလောင်းအသင်း၏ (၁၉) ကြိမ်မြောက် စာရေးတံမဲ သပိတ်လုံးဆွမ်းလောင်းလှူပွဲကြီးကို တန်ဆောင်မုန်းလဆန်း ၁ရက်(နိုဝင်ဘာ ၁၂ရက်) သောကြာနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ လှူဒါန်းပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ညောင်တုန်းမြို့ပုဏ္ဏာမာရာမ စျေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော် ၇၇၆ပါး၊ သီလရှင် ၆၆ပါး စုစုပေါင်း ၈၄၂ပါးအား လှူဒါန်းမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူ ညောင်တုန်းမြို့နယ်သူ မြို့နယ်သားများနှင့် ရပ်နီးရပ်ဝေး စေတနာရှင်များအနေဖြင့် ညောင်တုန်းမြို့ သဟာပုညကာရီ ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးတိတ်လွင်၊ အတွင်းရေးမှူး ဦးခင်မောင်ညိုနှင့် ဖြစ်မြောက်ရေးဦးစီးအဖွဲ့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားသည်။

**(မြို့နယ် ပြန်/ဆက်)**



**စက်တင်ဘာ ၂၆ရက်က တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တောင်ငူတက္ကသိုလ်သွားလမ်းကို မူလကတ္တရာလမ်းမှ တစ်ဖက် သုံးပေစီတိုးချဲ့ ကတ္တရာလောင်း၊ ကျောက်မှုန့်ဖြူး၊ လမ်းကြိတ်စက်ကြိတ်ခြင်း လုပ်ငန်းကို တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်မေမြတ်စိုးတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

## မုံရွာခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်လည်စည်းဝေး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြား

ချောင်းဦး အောက်တိုဘာ ၁၃

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် အောက်တိုဘာ ၁၀ရက်နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် အောင်ချမ်းသာ ကျေးရွာသို့ ရောက်ရှိပြီး ဒီပင်္ကရာကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံ၌ကျင်းပသော အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲသို့တက်ရောက်၍ အသင်း၏ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်း တည်ဆောက်နေမှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တက်ကြွစွာပါဝင်ရေးတို့ကို ရှင်းလင်းပြောကြားပြီး အသင်းဝင်အဆိုပြုလွှာ ၂၀၁၂စောင်ကို လက်ခံသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အောင်ချမ်းသာကျေးရွာ၌ တည်ဆောက်လျက်ရှိသည့် ဇီဝဓာတ်ငွေ့သုံးအသေးစား လျှပ်စစ်ဓာတ်အားပေးစက်အတွက် မတည် ငွေကျပ် ၁၀သိန်းကို ပေးအပ်ပြီး အားကစားပစ္စည်းများနှင့် ကျောင်းသုံး ဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။**

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ဇီဝဓာတ်ငွေ့သိုလှောင်ကန်တည်ဆောက်ရန် တူးဖော်နေမှုကို ကြည့်ရှုအားပေးပြီး မူလတန်းကျောင်း၌ ဇီဝဓာတ်ငွေ့ဖြင့်အသေးစားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်မည့် အောင်ချမ်းသာ၊ တောကျောင်းကြီး၊ ရွှေလေ့ကျေးရွာတို့မှ မီးလင်းရေး ကော်မတီဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### ရင်းရင်းနှီးနှီး

မုံရွာစက်မှုဇုန်နာယက စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် မုံရွာစက်မှုဇုန် တွဲဖက်တာဝန်ခံ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် နံနက် ၁၀နာရီတွင် မုံရွာစက်မှုဇုန်ခန်းမ၌ စက်မှုဇုန်ကြီးကြပ် ကွပ်ကဲမှုကော်မတီဝင်များ၊ စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ စက်မှုဇုန်လုပ်ငန်းရှင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံမှာကြားပြီး တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးသို့တက်ရောက် အမှာစကား ပြောကြားပြီး ၂၀၀၃–၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မုံရွာခရိုင်အတွင်းမှ ခြောက်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူနှစ်ဦးနှင့် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ သုံးဦးတို့ကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ ဆားလင်းကြီးမြို့နယ် တောင့်တကျေးရွာ မူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်ရန် ငွေကျပ် ခြောက်သိန်းကို ပေးအပ်လှူဒါန်းသည်။

### ဆုပေးအပ်

ဆက်လက်၍ တာဝန်ရှိသူများက လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၃ဦး၊ ထူးချွန်ကြက်ခြေနီတစ်ဦး၊ ထူးချွန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးနှင့် စည်းရုံးလှုပ်ရှားမှုအကောင်းဆုံးဆုရမြို့နယ်များကို အသီးသီးဆုများ ပေးအပ်ချီးမြှင့်ကြသည်။

### ကြည့်ရှုအားပေး

ယင်းနောက် တဲကြီးကုန်းကျေးရွာ၌ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အားပေးစက် တည်ဆောက်ရန် ငွေကျပ် ၁၅သိန်း မတည်ငွေပေးအပ်ပြီး အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ဇီဝဓာတ်ငွေ့သိုလှောင်ကန် တည်ဆောက်ရန် တူးဖော်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် တိုင်းအသင်းရုံး၌ မုံရွာမြို့နယ်အတွင်းမှ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများအား တွေ့ဆုံပြီး အသင်းကိစ္စရပ်များမှာကြား၍ အသင်းလုံချည်အထည် ၅၀၀ ထောက်ပံ့ပေးအပ်သည်။

ညပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ဧည့်ရိပ်သာ၌ တိုင်းအသင်းအမှုဆောင်များနှင့် တွေ့ဆုံကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဟိုင်းကြီးကျွန်းမြို့ ဒေသဖွံ့ဖြိုးရေး နာယကဖလား ဘောလုံးပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကျင်းပ

**ဟိုင်းကြီးကျွန်း အောက်တိုဘာ ၉**

ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ဒေသဖွံ့ဖြိုးရေး နာယကဖလား မိုးရာသီ ဘောလုံးပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက်က ဟိုင်းကြီးကျွန်းမြို့ မြို့မအားကစားကွင်းတွင် ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၂၇ သင်းပါဝင်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲအဖြစ် ဟိုင်းကြီး(၁)ရပ်ကွက်အသင်းနှင့် ပြင်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြင်ခရိုင်အသင်းက ဟိုင်းကြီး (၁)ရပ်ကွက်အသင်းအား တစ်ဂိုး–ဂိုးမရှိဖြင့် တံခွန်စိုက် ဆုဖလားကြီးကို ဆွတ်ခူးရရှိသည်။

ဆက်လက်၍ ဆုပေးအပ်ပွဲကျင်းပရာ ပထမတံခွန်စိုက်ဆုဖလားကြီးကို ဗိုလ်မှူးကြီး အေးဖေကလည်းကောင်း၊ ကျန်ဆုများကို ဒုတိယဗိုလ်မှူးကြီး မြင့်လွင်၊ နယ်မြေတာဝန်ခံ ဒုတပ်ရင်းမှူးနှင့် အုပ်ချုပ်ရေးမှူး ဦးကျော်ထင်နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးဝင်းတို့ကအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်းနှင့် အဖွဲ့ဝန်ထမ်းများ ပြည်–အောင်လံလမ်းနှင့် ပြည်–ပေါက်ခေါင်းလမ်း လမ်းဆုံရှိ ပန်းခုံတွင် မြေခင်းအလှပြင်ဆင်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၇ ရက်က ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)





**ကွယ်လွန်သူ(မောင်သန့်ဇင်ဦး)အား ရည်စူး၍ အမှတ် ၈၁ ပထမထပ် ၄၉လမ်း ပုဇွန်တောင်မြို့နယ်နေ ဒေါ်ခင်ညိုညို မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း၊ ၁၆/၂ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)အသင်းရုံးသို့ လာရောက်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)နှင့်ဇနီး တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ (ဒေါ်ရွှေဇီးကွက်)တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က–ပ)

**အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက် သဒ္ဓါသုခလမ်းနေ (ဦးကျော်တင့်)–ဒေါ်အေးသန်း မိသားစုတို့က အောက်တိုဘာ ၁၀ရက်တွင် အသင်းရုံးတည်ရှိရာ မာလာရာမကွက်သစ်ကျောင်းတိုက်ရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အသင်းနာယက ဦးလှကြီးနှင့် အမှုဆောင်အဖွဲ့က လက်ခံရယူစဉ်။** (က–ပ)



**ကမာရွတ်မြို့နယ် (၁) ရပ်ကွက် ပညာပဒေသာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၁၀ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အမာကြည်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရန်ကြည်နှင့်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလှသွင် (ကိုကိုလှ–ကမာမြေ)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)



နိုင်ငံတကာ အဆင့်မီ
# ရွှေနန်းတော်
စိန်ရွှေရတနာဆိုင်
ဝါကျွတ်ပွဲတော် အထူးအစီအစဉ်

နိုင်ငံတကာအဆင့်မီ ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၂)ဆိုင်စလုံးတွင် ဝယ်ယူအားပေးကြသူတိုင်း
မိဘဘိုးဘွားကျေးဇူးရှင်သမားများကို စိတ်ချမ်းမြေ့ ကြည်နူးစွာကန်တော့နိုင်ကြဖို့

## ဝါကျွတ်ကန်တော့ပန်း မုန့်ခြင်းများ

အောက်တိုဘာ (၁၅)ရက်နေ့မှ နိုဝင်ဘာ(၂၆)ရက်နေ့ အထိ လက်ဆောင်ပေးနေပါပြီ။

■ပုံမှန်လက်ဆောင် ဝယားပေါက်စမ်းလက်ဆောင်မှန်များ ■ကျပ်(၁၀)သိန်းဖိုးဝယ်တိုင်းငွေသားကျပ်(၁)သောင်း လက်ဆောင်ရရှိမည့် Golden Palace Diamond Card တို့ကိုလည်း ထုတ်ပေးလျက်ရှိပါသည်။

ဒေါက်တာအောင်ကျော်ဝင်း+ဒေါက်တာသင်းသင်းနိုင်
E-mail : ... Website : www.goldenpalacejewellery.com

Golden Hill Tower
# Qi YANGON
SHISEIDO SALON AND SPA

သီတင်းကျွတ်အထူးအစီအစဉ် (Oct 15 မှ Nov 15 အထိသာ)
Facial Treatment တစ်ကြိမ် – ကျပ် ၅၀၀၀
Body Treatment တစ်ကြိမ် – ကျပ် ၁၀၀၀၀

No.24-26, Kabaaye Pagoda Road, Bahan Tsp, Yangon. For reservation please call 558556, 558558 ext: 1906


# သီတင်းကျွတ်အကြိုအရောင်းပွဲတော်

( 16.10.2004 မှ 16.11.2004 ) အတွင်း

## “ယုဇနဆောက်လုပ်ရေးအဖွဲ့၏မွန်မြတ်သောစေတနာ”

(လူတိုင်း လူတိုင်း တိုက်နှင့် ခြံနှင့် နေနိုင်ရစေညီ)

* အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ ၊ တည်ဆောက်ဆဲတိုက်ခန်းများ ၊ ဆိုင်ခန်းများ ၊ မြေကွက်များ
* လှိုင်မြို့နယ် ၊ ကမာရွတ်မြို့နယ် ၊ သုဝဏ္ဏမြို့နယ် ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ ဒဂုံဆိပ်ကမ်းမြို့နယ် ၊ ဒဂုံတောင်/မြောက်မြို့နယ်
* တိုက်ခန်းမျိုးစုံ ၊ အထပ်စုံ ၊ အရွယ်စုံ HALL TYPE, ROOM TYPE
* လူနေခန်းပဲလုပ်လုပ် ၊ ရုံးခန်းပဲလုပ်လုပ် ၊ စီးပွားရေးပဲလုပ်လုပ် ၊ ကြိုက်တာလုပ်နိုင်သည့် အခန်းများ

*ပွဲတော်ကာလအတွင်း ၂၀% မှ ၃၀% အထိလျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်*

*အမြတ်ခွန် ကို ဝယ်ယူသူမှ ပေးရန်မလိုပါ၊ ရောင်းချသူမှ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းပါမည်*

*တိုက်ခန်းတန်ဖိုး အနည်းဆုံး ( ၂၄ ) သိန်းဖြစ်ပါတယ်*

*အနယ်နယ် အရပ်ရပ်မှ စဉ်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း*

အရောင်းဌာန – ယုဇနစင်တာ (ရုံးချုပ်) ၊ တတိယထပ် ၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း ၊ ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း – ၅၄၀၇၄၅ ၊ ၅၄၀၇၄၆ ၊ ၅၄၀၇၄၇ ။


**မိဘအမည်မှန်**

အလက(၁) မရမ်းကုန်းမြို့နယ် (IV-A) မှ မဇင်စပယ်ထွန်း၏ မိဘအမည်မှန်မှာ ဦးမောင်မောင်လှ ၉/မမန(နိုင်) ၀၃၉၅၄၇၊ ဒေါ်သိန်းနွဲ့ ၉/မမန(နိုင်)၀၃၉၂၂၂ ဖြစ်ပါသည်။

**အမည်ပြောင်း**

အဖ ဦးခင်မောင်တင့်၏ သမီး မင်းဘူးမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း (ဂ)တွင် ပညာသင်ကြားနေသော မနှင်းယုအောင်အား ယနေ့မှစ၍ မရှင်ပိုးဉအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မရှင်ပိုးဉအောင်။**


## ရုံးခန်းပြောင်းရွှေ့ခြင်း

မြန်မာတိုင်း(မ်)ဌာနယာယီရုံးခန်းကို ၂၅-၁၀-၂၀၀၄ နေ့မှစ၍ အောက်ပါလိပ်စာသို့ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အမှတ် ၃၇၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၂၅၃၆၄၂ ၊ ၂၄၁၁၂၉
၂၄၂၇၈၆ (ကြော်ငြာဌာန) ၇၂၆၃၈၅ (ဖြန့်ချိရေးဌာန)
ဖက်(စ်) - ၂၅၂၉၂၉
E-mail : myanmartimes@mptmail.net.mm



## ထုပ်ပိုးမှုကောင်းမှဈေးကောင်းရမည်

ပြည်တွင်း၊ ပြည်ပပို့ကုန်များ ထည့်သွင်းထုပ်ပိုးရန် (၃)လွှာ၊ (၅)လွှာ လှိုင်းတွန့်စက္ကူဘူးများနှင့် ကတ်ပြားများကို A Flute, B Flute, C Flute တို့ဖြင့် ခေတ်မီစက်သစ်ကြီးများအသုံးပြုကာ လေးရောင်အထိ ပုံနှိပ်၍ ဒီဇိုင်း အရည်အသွေး အဆင့်မီစွာ ပြုလုပ်ပေးနေပါပြီ။

လုပ်ငန်းဌာနအရောက် ပို့ပေးနိုင်ပါသည်။

စက္ကူလိပ်များပေးသွင်း၍ ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့်လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

ဆက်သွယ်ရန်–

**အမှတ်(၁)စက်မှုဝန်ကြီးဌာန**
**မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း**
**စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ၊ သန်လျင်။**
**ဖုန်း–၅၆၆၀၅၉၊ ၅၆၀၆၈၇၊ ၇၁၀၇၁၄၊ ၇၁၀၇၀၉။**


**ကျေးဇူးတင်ရှိခြင်း**
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်လှကြည်(ခ)ဒေါ်ညိုညိုလှ**
**(B.A,B.Ed. အထပြ–ငြိမ်း)**

နာမကျန်းဖြစ်စဉ်နှင့် ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးခဲ့ကြသော ကြေး/မြေမှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ I.B.T.C မှ ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများအားလည်းကောင်း၊ ရွှေဂုံတိုင် အထူးကုဆေးခန်းမှ ဆရာဝန်ကြီးများနှင့်ဆရာ ဆရာမများ၊ စကားပြောကြေးနန်းဖြင့် ဝမ်းနည်းကြောင်း သဝဏ်လွှာများပေးပို့ခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပမှ ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေများ၊ ပန်းခြင်းများပေးပို့ခဲ့သူများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးတို့ကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

**တစ်လပြည့်သတိရအမျှပေးဝေခြင်း**
**ဦးမျိုးထွန်း (တောင်ကုတ်၊စစ်တွေ)**
**အသက်(၄၀)**
**S.A.E သံလွင်တံတားစီမံကိန်း (မော်လမြိုင်ဘက်ကမ်း)**

ကွယ်လွန်ခဲ့သည်မှာ ၁၆–၁၀–၂၀၀၄ ရက်တွင် တစ်လပြည့်မြောက်ပြီဖြစ်ပါသဖြင့် ယခင်၊ ယခုလှူဒါန်းခဲ့သော အလှူဒါနများအား အမျှဝေပါသည်။ သာဓုခေါ်နိုင်ပါစေ။

**မိခင်ကြီး–ဒေါ်ခင်သန်း**
**ကြီးမေ–ဒေါ်ခင်သိန်းမိသားစု၊ဦးအေးထွန်း၊ဒေါ်ထွေးသိန်းမိသားစု၊**
**ကိုကြီး–ကိုမျိုးဝင်းမိသားစု၊ ကိုအောင်နိုင်(ရှမ်းဒေါင်း)မိသားစု၊**
**ညီ/ညီမ– ကိုမောင်မောင်လွင်၊မဇင်မျိုးသန်း၊ မောင်မျိုးသန့်။**

# နိုင်ငံတော်အစိုးရလက်ထက် အဆင့်မြင့်ခွဲစိတ်ကုသမှုများအောင်မြင်ခြင်းမှာ ကျန်းမာရေးကဏ္ဍ၏ထူးခြားသောမှတ်တိုင်ဖြစ် ပြည်သူများကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လှမ်းမြှပေးနိုင်ရေး တစ်နိုင်ငံလုံးဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိ မြန်မာနိုင်ငံ၏ကျန်းမာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းနေမှုများ နိုင်ငံတကာနှင့်လိုက်လျောညီထွေဖြစ်ရေးကြိုးပမ်း

ရန်ကုန် အောက်တိုဘာ ၁၅

**အမျိုးသားကျန်းမာရေးကော်မတီ (၄၁)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်း ကျန်းမာရေးဝန်ကြီးဌာန အဆောက်အအုံရှိ အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**



## တက်ရောက်

အစည်းအဝေးသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယခုအချိန်ကာလသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ ထူးထူးခြားခြား အောင်မြင်ဖြစ်ထွန်းမှုများရရှိသည့် ကာလဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ယခုအချိန်ကာလအတွင်း မြန်မာ့ကျန်းမာရေးကဏ္ဍ တိုးတက်ဖြစ်ပေါ်မှုများ အများအပြား ဖြစ်ထွန်းလာခဲ့ရာတွင် ကြီးမားသော အောင်မြင်မှုတစ်ရပ်အဖြစ် အသည်းအစားထိုးကုသမှု အောင်မြင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

## နိုင်ငံတော်ကဂုဏ်ပြု

အရှေ့တောင်အာရှနိုင်ငံများတွင် နိုင်ငံအနည်းငယ်၌သာ အောင်မြင်သေးသော အသည်းအစားထိုးကုသမှုကို မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်

*စာမျက်နှာ ၆ ကော်လံ ၁* ●



**အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမျိုးသားကျန်းမာရေးကော်မတီ (၄၁)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။**

**(သတင်းစဉ်)**

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒေသအထွက်တိုးစပါးမျိုး တိုးချဲ့စိုက်ပျိုးရေးအသိပညာပေး ခရိုင်တစ်ခုတွင် စပ်မျိုးစပါးထုတ်သည့်စခန်း သုံးလေးခုဖွင့်လှစ် အတွင်းရေးမှူး(၂) ရှမ်းပြည်နယ်(မြောက်ပိုင်း) လယ်ယာကဏ္ဍဖွံ့ဖြိုးရေးမှာကြား

**ရန်ကုန် အောက်တိုဘာ ၁၅**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၁၁ ရက် နံနက် ၇နာရီ ၄၅မိနစ်တွင် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ လားရှိုးတပ်နယ်ရှိ အရာရှိ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ■



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ လားရှိုးတပ်နယ်ရှိ အရာရှိ စစ်သည်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

**(သတင်းစဉ်)**

16-10 (20).p65 1 24.03.1905, 11:03 PM